# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၃)ရက် ၊ ကြာသပတေးနေ့ ၊ (29-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋီတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော်　မေ　၂၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများရှင်းလင်းရန်ကျန်ရှိသည့် "A" ဆောင်ကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု၊ စာမျက်နှာ ၂၀ ကော်လံ ၁

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။


၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော်　မေ　၂၈

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ သြရိသပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စာမျက်နှာ ၂၀ ကော်လံ ၃







ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၉ ရက်
အယ်ဒီတာ့အာဘော်

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်

တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများဆောင်ရွက်နေသော တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံများတွင် ဝင်ငွေများဆုံးရှုံးစေခြင်း၊ အသက်များဆုံးရှုံးစေခြင်း၊ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးစေခြင်း စသည့်အကျိုးဆက်များ ဖြစ်ပေါ်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများတွင် ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်မှ ယနေ့ထိ သုံးနှစ်နှင့်လေးလတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ် မတ်လတွင် ဖမ်းဆီးရရှိမှုသည် အများဆုံးဖြစ်သည်။ ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အများဆုံးဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် သွင်းကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် အခြားလူအသုံးအဆောင်ပစ္စည်းများလည်း ပါဝင်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးကိရိယာနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရားဝင်လိုင်စင်ဖြင့် ထုတ်ပေးထားသော်လည်း ၎င်းအပေါ်ကျော်လွန်ပြီး ဆောင်ရွက်နေမှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ ၂၀၂၅ ခုနှစ်ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်းတွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် (၁၁၇) သတ်မှတ်ထားသည်ကို တွေ့ရှိရသည်။ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင် ကုန်သွယ်မှုဆိုင်ရာပတ်ဝန်းကျင် အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် (၈၁) သာရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်းပိုမိုတိုးတက်လာသည်ကို တွေ့ရသည်။ သို့သော် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဆင့် (၉) သာရရှိနေ သည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ဆက်လက်ဆောင်ရွက်ပြီး ထိရောက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၂၀၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၂၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ထောပတ်ပဲ ကေ ၂၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲကို မိုးမှာပဲ အဓိကစိုက်ပျိုးကြတာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ထောပတ်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် မေလဒုတိယပတ်မှယနေ့ထိ မြေပဲဆန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါမြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ကျောက်ကုန်းမြို့နယ်ကို ဒေသထွက်မြေပဲဆန်တွေအပြင် အခြားဒေသက မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၂၄၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန် အရောင်းအဝယ် ကောင်းလာတာပါ။ နွေမြေပဲအသစ်တွေမပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်က အရောင်းအဝယ် ကောင်းနေဖို့ရှိပါတယ်။ အခု မြေပဲဆန်တွေ အဝယ်လိုက်နေတဲ့ အခါကျတော့ မြေပဲစိုက် တောင်သူတွေက အဓိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်ရှိ စားသောက်ကုန် ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် မြေပဲများကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်ထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ စနစ်တကျတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



## မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သိမ်ကုန်းမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၅သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်း သက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၈ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၀ x ၃၁ လမ်းကြား၊ လမ်း ၉၀ နေ ဦးရွှေဖ-ဒေါ်နှင်းနွယ် မိသားစုတို့က မျက်စိခွဲစိတ်နေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၁၆၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၁၆၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၁၅၂ ဧက၊ ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ အောင်မြင် ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ကွန်ဟိန်းမြို့နယ် ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွန်ဟိန်း မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုက်တပ်ကျေးရွာအုပ်စု ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဟိုကျယ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုကျယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၂၉၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် သိန်း ၁၇၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# ပုသိမ်မြို့နယ်တွင် နွေစပါး ၄၈၆၅၄ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၁၁ ဒသမ ၁၆ တင်း ထွက်ရှိ

**ပုသိမ် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် စပါး ၄၈၆၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူထံမှ သိရသည်။

ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၁၄၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့်စပါးများကို ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၄၈၆၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါး တစ်ဧကလျှင် ၁၁၁ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဓာတ်မြေဩဇာအသုံးပြုနည်းတွေကို မှန်ကန်စေဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဧက ၄၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေကို အခုလို စောစောရိတ်သိမ်းနိုင်တဲ့အတွက် မိုးလွတ်လေလွတ်နဲ့ သိမ်းဆည်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မုံတိုင်ပင်ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ(အပိုင်း-၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**စတုတ္ထမုံတိုင်ပင်ဆရာတော်**

စတုတ္ထမုံတိုင်ပင်ဆရာတော်ကို ၁၂၃၆ ခု သီတင်းကျွတ်လဆန်း ၈ ရက် တနင်္ဂနွေနေ့(၁၈၇၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်)တွင် အဖဦးဘိုးရင်၊ အမိ ဒေါ်လှရက်တို့မှ မုံတိုင်ပင်ရွာ၌ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်ပေါ်ကွန်းဖြစ်သည်။ ခုနစ်နှစ်သားအရွယ်တွင် ဒုတိယမုံတိုင်ပင်ဆရာတော် ဦးဒီပထံ၌ ပညာသင်ကြားသည်။ ၁၃ နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍သာမဏေဘောင်သို့ဝင်ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာမှာ ဒုတိယမုံတိုင်ပင်ဆရာတော် ဦးဒီပပင်ဖြစ်သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်အာသဘဖြစ်သည်။

သာမဏေရှင်အာသဘ သာမဏေပြုသော ၁၂၄၉ ခုနှစ်တွင် ဆရာရင်းဦးဒီပသည် မဟာသုမင်္ဂလတောရကျောင်းသို့ပြောင်းရွှေ့သွားသောကြောင့် ဆရာတော်နောက်သို့လိုက်ပါခဲ့သည်။ ဆရာတော်အောင်သာကျောင်းသို့ပြောင်းရွှေ့သောအခါတွင်လည်း အောင်သာကျောင်းသို့လိုက်ရသည်။

ထို့နောက်တွင် ရှင်သာမဏေအာသဘသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်းအနီး အရှေ့ကြားတောရခေါ် ဘုံပျံကျောင်းတွင် ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ ထို့နောက် ရန်ကုန်မှ အောင်သာရွာကျောင်းသို့ ပြန်ရောက်ခဲ့သည်။ အောင်သာရွာမှတစ်ဆင့် ဇာတိမုံတိုင်ပင်ရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

မုံတိုင်ပင်ရွာသို့ရောက်သောအခါတွင် ရဟန်းခံရန် သက်တော်စေ့ပြီဖြစ်သောကြောင့် သက္ကရာဇ် ၁၂၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် (၁၈၉၄ ခုနှစ်၊ မေ ၂၀)ရက်တွင် တတိယမုံတိုင်ပင်ဆရာတော် ဦးရန်ကုန်ကိုဥပဇ္ဈာယ်ပြု၍ မုံတိုင်ပင်ရွာကျောင်း ခဏ္ဍာသိမ်၌ ရဟန်းဘဝသို့ကူးပြောင်းခဲ့သည်။ ရဟန်းဒါယကာ၊ ဒါယိကာများမှာ မုံတိုင်ပင်ရွာနေ ဦးဖြန့်နှင့် ဒေါ်ကြေးမုံဖြစ်သည်။ ရဟန်းခံပြီးသောအခါ ငယ်ဆရာရင်း ဦးဒီပသီတင်းသုံးရာ အောင်သာကျောင်းသို့သွား၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည့် ပရိယတ်စာပေများကို ဆက်လက်သင်ယူခဲ့သည်။

၁၂၅၈ ခုနှစ်တွင် တတိယမုံတိုင်ပင်ဆရာတော် ဦးရန်ကုန်ထံ၌ အဋ္ဌသာလိနီအဋ္ဌကထာ စသည့်ကျမ်းရင်း အဋ္ဌကထာကျမ်းကြီးများကို ဆက်လက်သင်ယူသည်။ ထို့နောက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဂျင်တိုက်၊ ပဲခူးမြို့ ရွှေအောင်ရွေးကျောင်းဆရာတော်တို့ထံတွင် ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် ကျင်းပသော ဒွေမာတိကာအာဂုံပြန်ပွဲ၌ ပထမရခဲ့သလို ရန်ကုန်ပုဇွန်တောင် ဦးဘိုးသားကျောင်း၌ ကျင်းပသော ဝိနည်းငယ်လေးစောင်စာပြန်ပွဲ၌လည်း ပထမရခဲ့သည်။

တတိယမုံတိုင်ပင်ဆရာတော်သည် ရှစ်ဝါမျှသာရှိသေးသော ပဉ္စင်းငယ် ရှင်အာသဘ၏ ဉာဏ်စွမ်းဉာဏ်စတို့ထက်မြက်ပုံကို ပရိသတ်အများသိစေရန် ၁၂၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်(၁၉၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်)တွင် ရှင်အာသဘကို ပရိသတ်အလယ်၌ ဝိနည်းငယ်လေးစောင်ကို အလွတ်ပြန်ဆိုစေခဲ့သည်။ ရှင်အာသဘ၏ ဒိုးဒိုးဒေါက်ဒေါက်ပြန်ဆိုနိုင်မှုကြောင့် ပရိသတ်ကြီးသည် ရှင်အာသဘ၏ ပညာစွမ်းကိုသိသွားသည်။ ကြည်ညိုမဆုံးဖြစ်ကြသည်။ ဆရာတော်ဦးရန်ကုန်သည်လည်း တပည့်ရှင်အာသဘကို အထူးအားရတော်မူ၍ ဒွိသန္တကအဖြစ် မုံတိုင်ပင်ကျောင်းတိုက်ကြီးကို လွှဲအပ်တော်မူခဲ့သည်။

ဆရာတော် ဦးအာသဘသည် စတုတ္ထမုံတိုင်ပင်ဆရာတော်အဖြစ် မုံတိုင်ပင်ကျောင်းတိုက်ကြီးကို ဆက်ခံပြီး မုံတိုင်ပင်ကျောင်း၌ သီတင်းသုံးနေထိုင်ရင်း သက်တော် ၈၆၊ ဝါတော် ၆၆၊ သက္ကရာဇ် ၁၃၂၁ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်(၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်) ည ၈နာရီ မိနစ် ၃၀ တွင် ပျံလွန်တော်မူခဲ့သည်။ သက္ကရာဇ် ၁၃၂၁ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် မှ ၅ ရက်ထိ လေးရက်တိုင်တိုင် အန္တိမစျာပနပွဲကို ကျင်းပသည်။ နိုင်ငံတော်အစိုးရ ပြန်ကြားရေးဌာနမှ ရုပ်ရှင်များ၊ စိုက်ပျိုးရေးဌာနမှ ရုပ်ရှင်များ၊ နာမည်ကြီးဇာတ်သဘင်၊ အငြိမ့်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ပင့်သံဃာ အပါး ၁၀၀ ကျော်ကို သင်္ကန်းဒွိစုံ ၁၀၀ ကျော်၊ သပိတ်အစုံ ၁၀၀ ကျော်၊ ဖိနပ် အရံ ၁၀၀ ကျော်၊ ထီး ၁၀၀ ကျော်နှင့် ဝတ္ထုပစ္စည်း ၁၀၀ ကျော်လှူဒါန်းခဲ့သည်။

**❖တတိယမုံတိုင်ပင်ဆရာတော်သည် ရှစ်ဝါမျှသာရှိသေးသော ပဉ္စင်းငယ်ရှင်အာသဘ၏ ဉာဏ်စွမ်းဉာဏ်စတို့ထက်မြက်ပုံကို ပရိသတ်အများသိစေရန် ၁၂၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်(၁၉၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်)တွင် ရှင်အာသဘကို ပရိသတ်အလယ်၌ ဝိနည်းငယ်လေးစောင်ကို အလွတ်ပြန်ဆိုစေခဲ့သည်။ ရှင်အာသဘ၏ ဒိုးဒိုးဒေါက်ဒေါက်ပြန်ဆိုနိုင်မှုကြောင့် ပရိသတ်ကြီးသည် ရှင်အာသဘ၏ ပညာစွမ်းကိုသိသွားသည်။ ကြည်ညိုမဆုံးဖြစ်ကြသည်။ ဆရာတော်ဦးရန်ကုန်သည်လည်း တပည့်ရှင်အာသဘကို အထူးအားရတော်မူ၍ ဒွိသန္တကအဖြစ် မုံတိုင်ပင်ကျောင်းတိုက်ကြီးကို လွှဲအပ်တော်မူခဲ့သည်။❖**

**ပဉ္စမမုံတိုင်ပိုင်ဆရာတော်**

ပဉ္စမမုံတိုင်ပင်ဆရာတော်ကို သက္ကရာဇ် ၁၂၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် သောကြာနေ့(၁၉၀၃ ခုနှစ်၊ ဇူလိုင် ၁၇ ရက်)တွင် အဖ ဦးထင်၊ အမိ ဒေါ်သီတို့မှ မုံတိုင်ပင်ရွာ၌ မွေးဖွားခဲ့သည်။ ငယ်မည် မောင်စံဝင်းဖြစ်သည်။ ခုနစ်နှစ်သားအရွယ်တွင် မုံတိုင်ပင်ဆရာတော်ရှင်အာသဘထံ ပညာသင်ကြားသည်။ ၁၂ နှစ်သားအရွယ်တွင် မုံတိုင်ပင်ဆရာတော် ရှင်အာသဘကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာမဏေဘောင်သို့ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သုန္ဒရဖြစ်သည်။

သက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် ရွာပုကြီးရွာနေ ရဟန်းဒါယကာ ဦးထွန်းရင်၊ ရဟန်းဒါယိကာမ ဒေါ်ကြင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မုံတိုင်ပင်ဆရာတော်ရှင်အာသဘကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့တက်ရောက်ခဲ့သည်။ ရဟန်းဖြစ်ရာ သိမ်မှာ မုံတိုင်ပင်ကျောင်းသိမ်ပင်ဖြစ်သည်။ ရှင်ရဟန်းဘွဲ့မှာလည်း ရှင်သုန္ဒရပင်ဖြစ်သည်။ အရှင်သုန္ဒရသည် မန္တလေးမြို့ အနောက်ပြင်ခင်မကန်ကျောင်းတိုက်၊ ဘွားတော်ကျောင်း၊ ပဲခူးမြို့အရှေ့သနပ္ပင်ကွင်းကျောင်း၊ ပဲခူးမြို့ရွှေနံ့သာကျောင်း၊ မုံရွာမြို့လယ်တီကျောင်းတိုက်တို့၌ ပညာသင်ကြားခဲ့သည်။

စတုတ္ထမုံတိုင်ပင်ဆရာတော် ရှင်အာသဘ ပျံလွန်တော်မူသောအခါ မုံတိုင်ပင်ကျောင်းတိုက်ကြီးကို ဆက်ခံခဲ့သည်။ အံ့ဩစရာကောင်းသည်မှာ ပဉ္စမမုံတိုင်ပင်ဆရာတော် ဦးသုန္ဒရသည် စတုတ္ထမုံတိုင်ပင်ဆရာတော် ရှင်အာသဘ ပျံလွန်တော်မူပြီး တစ်လကျော်ခန့်အကြာတွင် ပဉ္စမမုံတိုင်ပင်ဆရာတော် ဦးသုန္ဒရလည်း ပျံလွန်တော်မူခဲ့သည်။ ဆရာတော် ရှင်အာသဘသည် နတ်တော်လပြည့်ကျော် ၂ ရက် (၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်)တွင် ပျံလွန်တော်မူပြီး ဆရာတော်ဦးသုန္ဒရသည် တပို့တွဲလဆန်း ၈ ရက် (၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၄ ရက်)တွင် ပျံလွန်တော်မူသည်။ ဆရာတော်ရှင်အာသဘပျံလွန်တော်မူပြီး ရက် ၅၀ တင်းတင်းပြည့်သည့်နေ့၌ ပျံလွန်တော်မူခဲ့ခြင်းဖြစ်သည်။ ဆရာတော်နှစ်ပါး၏ အန္တိမစျာပနပွဲကို သတ္တဌာနဘုရားများ၏ ရှေ့ဘက်ရှိ ကွင်းပြင်ထဲတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

**ဆဋ္ဌမမုံတိုင်ပင်ဆရာတော်**

ဆဋ္ဌမမုံတိုင်ပင်ဆရာတော်ကို အဖဦးဘိုးဇုံ၊ အမိ ဒေါ်ရွှေမဘ်တို့မှ သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ အင်္ဂါနေ့(၁၉၁၃ ခုနှစ်၊ ဩဂုတ် ၅ ရက်)တွင် မုံတိုင်ပင်ရွာ၌ မွေးဖွားခဲ့သည်။ ငယ်မည် မောင်ဘိုးချားဖြစ်သည်။ သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် မုံတိုင်ပင်ရွာမှ ဦးဘိုးမှင်၊ ဒေါ်ရွှေအယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး သာမဏေဘောင်သို့ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာမှာ ကြို့တိန်းမဟာပဒုမာရုံ ဆရာတော် ဦးပဒုမဖြစ်ပြီး သာမဏေဘွဲ့မှာ ရှင်ဇာဋိလဖြစ်သည်။

သက္ကရာဇ် ၁၂၉၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်(၁၉၃၄ ခုနှစ်၊ ဇွန် ၂၈ရက်)တွင် အဘယတောရဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ မုံတိုင်ပင်ကျောင်း ခဏ္ဍာသိမ်၌ ရဟန်းဘဝသို့တက်ရောက်ခဲ့သည်။ ပစ္စည်းလေးပါးဒါယကာမှာ မုံတိုင်ပင်ရွာနေ ဦးပေါက်တူး၊ ဒေါ်စိုးမိတို့ဖြစ်သည်။ ဆဋ္ဌမမုံတိုင်ပင်ဆရာတော် အရှင်ဇဋိလသည် စတုတ္ထမုံတိုင်ပင်ဆရာတော် ရှင်အာသဘ၊ ကြည်စုတောင်ကျောင်းဆရာတော် ဦးအတုလ၊ ကြို့တိန်းဆရာတော်ဦးပဒုမ၊ ရေဦးမြို့ လေးထပ်ကြီးဆရာတော်ဦးဒေဝိန္ဒ၊ ဦးဉာဏိန္ဒ၊ ဦးအရိယဝံသ၊ ဦးနန္ဒိယ၊ ဦးမာဃိန္ဒ၊ ပထမကျော် ဦးကဝိန္ဒ၊ မုံရွာဇေတဝနာရာမ ဆရာတော်ဦးဥတ္တမတို့တွင် ပရိယတ်တိစာပေများသင်ယူခဲ့သည်။ သက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တပေါင်းလတွင် မုံတိုင်ပင်ကျောင်းကို ဆက်ခံခဲ့သည်။

ဆရာတော်ဦးဇဋိလသည် မုံတိုင်ပင်ကျောင်းကို ဆက်ခံပြီးနောက် မုံတိုင်ပင်ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မုံတိုင်ပင်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်၊ မုံတိုင်ပင် ကမ္မဋ္ဌာန်းရိပ်သာဩဝါဒစရိယဆရာတော်အဖြစ် ထမ်းဆောင်ခဲ့သည်။ စာသင်၊ စာချလုပ်ငန်းများလည်း အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တစ်ဖက်တစ်လမ်းမှလည်း မုံတိုင်ပင်ကျောင်းအတွင်းရှိ စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ကျောင်းဆောင်အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့သည်။

**မုံတိုင်ပင်ကျောင်းဘွဲ့တေးထပ်နှစ်ပုဒ်**

ဆရာတော် ဦးဇဋိလ လက်ထက်တွင် မူလမုံတိုင်ပင်ကျောင်းတော်ကြီးမှာ ဆွေးမြည့်ပျက်စီးနေပြီဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဦးဇဋိလသည် ဦးစီးပြီး အလှူရှင်အများ၊ တပည့်အများနှင့် ကျောင်းတော်အသစ်တည်ဆောက်ခဲ့သည်။ ကျောင်းတော်တည်ဆောက်ပြီးသောအခါတွင် ကျောင်းရေစက်ချပွဲ လှူဒါန်းပွဲကို သက္ကရာဇ် ၁၃၃၂ ခုနှစ်၊ နှောင်း တန်ခူးလဆန်း ၁၄ ရက် သောကြာနေ့တွင်ကျင်းပသည်။ ကျောင်းတော်ကြီးတည်ဆောက်ရာတွင် ငွေကျပ်နှစ်သိန်းကျော်ကုန်ကျခဲ့ကြောင်း သိရသည်။ မုံတိုင်ပင်ကျောင်းတော်ကြီး ရေစက်ချပွဲအကြောင်း မှတ်တမ်းတင်ထားသည့် တေးထပ်တစ်ပုဒ်နှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြုပြင်ကြောင်းရေးဖွဲ့ထားသည့် တေးထပ်တစ်ပုဒ်ကို ရှားရှားပါးပါးတွေ့ရသည်။ ထိုတေးထပ်နှစ်ပုဒ်ကို ရေးဖွဲ့ခဲ့သူမှာ ဗုဒ္ဓဝါဒတရားသတင်းစာအယ်ဒီတာချုပ်ဆရာကြီးဦးအောင်ငြိမ်းဖြစ်သည်။ ဆရာကြီးဦးအောင်ငြိမ်းရေး တေးထပ်နှစ်ပုဒ်ကို ဤနေရာတွင် ထည့်သွင်းဖော်ပြလိုက်သည်။

**မုံတိုင်ပင်ကျောင်းရေစက်ချပွဲမှတ်တမ်းတင်တေးထပ်**

မုံတိုင်ပင်အေးဌာန ရှေးခါကကျောင်းတော်။
ဆွေးကာပသရောင်းရော်တယ် မကောင်းနော်ပျက်ပြား။
နှောင်လူတို့စုကာပြင်တယ် ခုခါတွင်ပြီးပါပေါ့လား။
သက္ကရာဇ်ဖြောင့်ရုံးရှာလျှင် ထောင့်သုံးရာမှတ်သား။
သုံးဆယ်မှာ နှစ်ခုထားပါလို့ လွန်ပြားတဲ့နှစ်မှာ၊
တန်ခူးနော်နှောင်းပါက ဆန်းပက္ခဆယ့်လေးရက်သာ။
သောကြာနေ့ ဤအခါတွင် ထေရ်ဆရာဦးဇဋိလကိုလ၊
ထူးတပည့်အပေါင်းနော် ကျောင်းလွတ်ပူဇော်၊
တန်ဖိုးက နှစ်သိမ်းကျော်တယ်
မယိမ်းနော်အောင်ပွဲကွဲ့လေး။ ။

မုံတိုင်ပင်၊ အင်ပင်၊ လားရှိုး၊ မန္တလေး၊ ဝေးနီးရှိ

**တပည့်များက စုပေါင်းပြုပြင်ကြောင်း မှတ်တမ်းတင်တေးထပ်**

မုံတိုင်ပင်ဂါမနှင့် တစ်ဌာနအင်ပင်၊
ထာဝရခင်မင်သည် အစဉ်ပင်ချစ်ပွား။
ကျောင်းတိုက်ကြီးတည်ထားကာငယ်
စည်ကားစွာကိုးကွယ်ကြငြား။
အိုမင်တဲ့ခုနှောင်ခါတွင် စုပေါင်းကာအများ၊
လားရှိုးခေါ် ဦးစိန်ထွားရယ်က ရှေ့သွားပပြုကာ၊
ရွှေမန်းနေလူအများရယ်နှင့် တူမခြားပေါင်းစုလို့သာ။
နှစ်ထပ်တိုက်မြတ်ဝိဟာကို ထပ်ညှိကာပြင်ကြပေါ့။
အစဉ်ပနောင်အရှည်(အရှေ)တည်ရစ်ပါစေ။
ဤပုညကုသိုလ်တွေကို များဝေနေရစေကွဲ့လေး။ ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၉၀၅၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၉၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် နှမ်းများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဇွန်လထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင့် ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

## လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**လင်းခေး မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ အသုံးပြု၍ နမ့်တင်ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နမ့်တင်ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

နမ့်တင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၉၇ သန်း၊ စုစုပေါင်း ၁၈ ဒသမ ၉၇ သန်းအသုံးပြု၍ ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နမ့်တင်ကျေးရွာရှိ လမ်းအရှည်ပေ ၈၄၀၊ အကျယ် ကိုးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက်ကောင်းမွန်ပြီးသွားလာရေးအဆင်ပြေလျက်ရှိကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**

## သည်ရေမြေဖွား တည်စေအားနှင့်

– ရိုင်းပင်းအားရယ်နှင့်
တိုင်းရင်းသား ညီနောင်ရေ၊
ဖေးမကူ တစ်စိတ်တစ်ဝမ်း
အေးချမ်းဌာနေ၊
တို့ရွာမြို့ တို့ရပ်မြေ
တိုးတက်စေ ရွက်ဆောင်သင့်၊
တိုင်းမြန်ပြည် သည်မြေဖွားရယ်
တည်စေအားနှင့်။

– အမျိုးအနွယ် ဂုဏ်လျှမ်းတင့်
ထမ်းမြှင့်ကွဲ့ တို့ညီနောင်၊
ခေတ်မီစေ တိုးတက်
မျိုးဆက်ဂုဏ်ဆောင်၊
သည်မြေဖွား ချစ်ကြိုးနှောင်
ညစ်အဆိုးရှောင် ဖယ်ခွာဝေး၊
အမိမြေ ပြည်ရွာစု
ကောင်းမှုငြိမ်းအေး။

– တိုင်းနိုင်ငံ ပြည့်အရေးကိုဖြင့်
မြော်တွေးကြ ရှေးရှုမည်၊
မျိုးရင်းဆွေ ပေါင်းစု
ကောင်းမှုဖြစ်တည်၊
စည်းလုံးအား မြင့်စွမ်းရည်
လှမ်းချီကွဲ့ ချိုးမကွေ့၊
ချစ်ကြည်အဆွေ ကမ်းလက်ရယ်နှင့်
ခေတ်မီမြေ လမ်းအထက်
လှမ်းတက်မယ်ပေ့။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# ဘရူနိုင်းဘုရင်ကျန်းမာရေးတည်ငြိမ်မှုရှိကြောင်း မလေးရှားဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်

**ကွာလာလမ်ပူ မေ ၂၈**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အမျိုးသားနှလုံးရောဂါအင်စတီကျု၌ ဆေးဝါးကုသမှုခံယူနေသည့် ဘရူနိုင်းဘုရင် ဆူလ်တန်ဟက်စန်နယ် ဘိုကီးယား၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်နေကြောင်း မလေးရှားဝန်ကြီးချုပ်ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဘရူနိုင်းဘုရင်သည် အာဆီယံထိပ်သီးညီလာခံတက်ရောက်ရေးအတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိနေစဉ် မောပန်းနွမ်းနယ်လာမှုကြောင့် မေ ၂၇ ရက်တွင် ဆေးရုံတက်ရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဘရူနိုင်းဘုရင်၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်နေပြီဖြစ်သော်လည်း ဆရာဝန်များက ဆက်လက်စောင့်ကြည့်ရန် လိုအပ်ဆဲဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဘရူနိုင်းဘုရင် ဆေးရုံတက်ရောက်နေရမှုကို ယခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကလည်း အတည်ပြုထားပြီးဖြစ်သည်။

တစ်ချိန်က ကမ္ဘာ့အချမ်းသာဆုံးလူပုဂ္ဂိုလ်တစ်ဦးအဖြစ်ရပ်တည်ခဲ့ဖူးသော ဘရူနိုင်းဘုရင်သည် ဘရူနိုင်းနိုင်ငံကို ၁၉၆၇ ခုနှစ်ကပင် ဦးဆောင်ခဲ့သည်။

၎င်း၏လက်ထက် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးအပြည့်အဝရရှိခဲ့ပြီး ဘရူနိုင်းပြည်သူများ၏ လူနေမှုဘဝလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရုတ်နိုင်ငံ၌ ဓာတုစက်ရုံပေါက်ကွဲမှုကြောင့် လူငါးဦးသေဆုံး၍ ၁၉ ဦးဒဏ်ရာရရှိ



**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် ဝီဖန်မြို့၌ ဖြစ်ပွားခဲ့သည့် ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှုအတွင်း အနည်းဆုံး ငါးဦးသေဆုံး၍ ၁၉ ဦးဒဏ်ရာရရှိကာ ခြောက်ဦးပျောက်ဆုံးနေကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရှန်တုန်းယိုတောင် ဓာတုပစ္စည်း ကုမ္ပဏီပိုင် အဆိုပါ ဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှုသည် မေ ၂၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဓာတုစက်ရုံပေါက်ကွဲမှုကို အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသမားများနှင့် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ကျော်တို့က တုံ့ပြန်ခဲ့ကြကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဓာတုပစ္စည်းစက်ရုံသည် မြေအကျယ်အဝန်း ၄၇ ဟက်တာပေါ်တွင်တည်ရှိပြီး ဝန်ထမ်းဦးရေ ၃၀၀ ကျော် အလုပ်လုပ်နေသည့်စက်ရုံဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်းကလည်း တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ရှားဒေသ၌ ဓာတုစက်ရုံပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ဖူးသည်။

အလားတူ ၂၀၂၃ ခုနှစ်အတွင်းကလည်း အရှေ့တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကျန်းရှီးပြည်နယ်တွင်လည်း ဓာတုစက်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဒုံးကျည်ကာကွယ်ရေးစနစ်တွင် အခမဲ့ပါဝင်ရေးအတွက် အမေရိကန်၏ ပြည်နယ်တစ်ခုအဖြစ်ရပ်တည်ရန် ကနေဒါနိုင်ငံကို သမ္မတဒေါ်နယ်ထရန့် တိုက်တွန်း




**နယူးယောက် မေ ၂၈**

အမေရိကန်နိုင်ငံ၏၅၁ ခုမြောက်ပြည်နယ်အဖြစ် ရပ်တည်ပါက ရွှေရောင်အမိုးခုံးအမည်ရှိ မြောက်အမေရိက ဒုံးကျည်ကာကွယ်ရေးစနစ်တွင် ကနေဒါနိုင်ငံအနေဖြင့် အခမဲ့ ပါဝင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယနေ့တွင် ကမ်းလှမ်းခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် သီးခြားနိုင်ငံတစ်နိုင်ငံအဖြစ် ရွှေရောင်အမိုးခုံး ဒုံးကျည်ကာကွယ်ရေးစနစ်တွင် ပါဝင်မည်ဆိုပါက ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံထိ ရှိလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားဖော်ပြထားသည်။

သို့ရာတွင် ကနေဒါနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ ၅၁ ခုမြောက်ပြည်နယ်အဖြစ် ရပ်တည်မည်ဆိုပါက ၎င်းဒုံးကျည်ကာကွယ်ရေးစနစ်တွင် အခမဲ့ပါဝင်နိုင်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားကမ်းလှမ်းထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံတန်ဖိုးရှိသည့် ရွှေရောင်အမိုးခုံးဒုံးကျည်ကာကွယ်ရေးစနစ်တည်ဆောက်ရေးအစီအစဉ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်က ကြေညာထားသည်။

အမေရိကန်နိုင်ငံ၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် ရပ်တည်ရေး သမ္မတဒေါ်နယ်ထရန့်၏ တောင်းဆိုမှုကို ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက ငြင်းပယ်ထားပြီးဖြစ်သည်။

ရွှေရောင်အမိုးခုံး မြောက်အမေရိက ဒုံးကျည်ကာကွယ်ရေးစနစ်မှာ ၂၀၂၉ ခုနှစ်တွင် စတင်အသက်ဝင်မည်ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ပါလက်စတိုင်းနိုင်ငံကို အစ္စရေးအစိုးရက အသိအမှတ်ပြုပါက အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေးစတင်ရန်အသင့်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပြောကြား

**ဂျကာတာ မေ ၂၈**

ပါလက်စတိုင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် အစ္စရေးအစိုးရက အသိအမှတ်ပြုခဲ့ပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်စရန် အသင့်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ယနေ့တွင် ပြောကြားခဲ့သည်။

ဂျကာတာမြို့သို့ ရောက်ရှိနေသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အင်ဒိုနီးရှားသမ္မတက ထိုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မူဆလင်ဘာသာဝင် ပြည်သူအများစုနေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေး မရှိသည့် နိုင်ငံဖြစ်သည်။



သို့ရာတွင် အစ္စရေးအစိုးရက ပါလက်စတိုင်းဒေသကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ပါက အင်ဒိုနီးရှားနိုင်ငံကလည်း အစ္စရေးနိုင်ငံကို တရားဝင် အသိအမှတ်ပြုရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဂျကာတာမြို့၌ တွေ့ဆုံဆွေးနွေးရာတွင် အစ္စရေးနှင့် ပါလက်စတိုင်းပြဿနာကိုလည်း အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားနိုင်ငံက ယူကရိန်းအရှေ့မြောက်ပိုင်း ဆူမီဒေသအနီး စစ်အင်အား ၅၀၀၀၀ စုစည်းထား

**ကီယက်ဗ် မေ ၂၈**

ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်း ဆူမီဒေသအနီးတွင် ရုရှားနိုင်ငံက ၎င်း၏ တိုက်ရည်ခိုက်ရည်အကောင်းဆုံး တပ်အချို့အပါအဝင် စစ်အင်အား ၅၀၀၀၀ ထိ စုစည်းထားကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက မေ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။



ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ ၌ နွေရာသီထိုးစစ်တစ်ခုဆင်နွှဲရေးအတွက် ပြင်ဆင်နေစဉ် ယူကရိန်းနိုင်ငံ ဆူမီဒေသအနီး ရုရှားတပ်မတော်က စစ်အင်အား တည်ဆောက်နေခြင်းဖြစ်သည်။

ဆူမီဒေသသည် ရုရှားနိုင်ငံအနောက်ပိုင်း ခါ့ချ်နယ်မြေနှင့်ထိစပ်နေသော ယူကရိန်းဒေသဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံအနေဖြင့် ဆူမီဒေသတစ်ဖက်ခါ့ချ်နယ်မြေအတွင်း စစ်အင်အား ၅၀၀၀၀ ထိ စုစည်းထားကြောင်း ယူကရိန်းသမ္မတက ပြောကြားထားသည်။

ယူကရိန်းနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်တစ်လျှောက်တွင် ကြားခံဇုန်ထားရှိလိုကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားရာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း ရုရှားတပ်များက ဆူမီဒေသအတွင်းရှိ အနီးဆုံးနယ်စပ် ကျေးရွာလေးရွာကို သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီဖွဲ့စည်းတည်ထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် Blue Danube တေးသွားကို အာကာသဟင်းလင်းပြင်အတွင်း ထုတ်လွှင့်မည်




**ပဲရစ် မေ ၂၈**

ဥရောပအာကာသအေဂျင်စီဖွဲ့စည်းတည်ထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ဩစတြီးယား ဂီတစာဆိုဂျိုဟန်စထရစ်၏ Blue Danube တေးသွားကို မေ ၃၁ ရက်တွင် အာကာသဟင်းလင်းပြင်အတွင်း ထုတ်လွှင့်မည်ဖြစ်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် Blue Danube တေးသွားကို ရေဒီယိုလှိုင်းများအဖြစ် အသွင်ပြောင်း၍ အာကာသဟင်းလင်းပြင်အတွင်းသို့ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အာကာသ ဟင်းလင်းပြင်အတွင်းသို့ ထုတ်လွှင့်ချိန်တွင် Blue Danube တေးသွား ရေဒီယိုလှိုင်းများသည် တစ်နာရီလျှင် မိုင်သန်း ၆၇၀ နှုန်းဖြင့် အာကာသဟင်းလင်းပြင်ကို ဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ထုတ်လွှင့်ပြီးချိန်တွင် Blue Danube တေးသွား ရေဒီယိုလှိုင်းများသည် လကို တစ်စက္ကန့်ခွဲအကြာတွင် ဖြတ်ကျော်မည်ဖြစ်ပြီး လေးမိနစ်ခွဲအကြာတွင် အင်္ဂါဂြိုဟ်ကို ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

စတင်ထုတ်လွှင့်ပြီး ၂၃ နာရီအကြာတွင်မူ Blue Danube တေးသွားရေဒီယိုလှိုင်းများသည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁၅ ဘီလီယံကျော်အကွာထိ ရောက်ရှိသွားမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည်လည်း အေဂျင်စီဖွဲ့စည်းတည်ထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၈ ခုနှစ်က ဗစ်ဆီအဲလိယော့၏ The Rain သီချင်းကို သောကြာဂြိုဟ်ဆီသို့ ထုတ်လွှင့်ခဲ့ဖူးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Starship ဒုံးပျံကို နဝမအကြိမ်စမ်းသပ်လွှတ်တင်ခွင့်ပေးရန် အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီက အတည်ပြုချက်ပေးထား

**ဝါရှင်တန် မေ ၂၈**

Space-X ကုမ္ပဏီ၏ Starship ဒုံးပျံကို နဝမအကြိမ်အဖြစ် စမ်းသပ် လွှတ်တင်ခွင့်ပေးရန် အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီ (FAA) က အတည်ပြုချက်ပေးထားကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီက မတ် ၆ ရက်တွင် လွှတ်တင်ခဲ့သည့် Starship မစ်ရှင်အတွင်း ပေါ်ပေါက်ခဲ့သည့်ပြဿနာများကို ပြန်လည်စိစစ်ပြီးနောက် Starship ဒုံးပျံ နဝမမြောက်မစ်ရှင်အတွက် FAA က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံကို အဋ္ဌမမြောက်အဖြစ် မတ် ၆ ရက်က စမ်းသပ်လွှတ်တင်ခဲ့ရာတွင် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ ကမ္ဘာမြေပေါ်သို့ ပျက်ကျခဲ့ကြောင်း သိရသည်။



လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို နဝမမြောက်အကြိမ်အဖြစ် စမ်းသပ် လွှတ်တင်မည့်ရက်ကို ကြေညာခြင်းမရှိသေးပေ။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လကမ္ဘာဆီသို့ လူသားများ ပို့ဆောင်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမှောင်ထဲ၌ တွေ့မြင်နိုင်သည့် မျက်ကပ်မှန်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များ အောင်မြင်စွာဖန်တီးနိုင်ခဲ့

**ပေကျင်း မေ ၂၈**

အမှောင်ထဲ၌ တွေ့မြင်နိုင်သည့် မျက်ကပ်မှန်တစ်မျိုးကို တရုတ် သိပ္ပံပညာရှင်များက အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

တရုတ် သိပ္ပံပညာရှင်များ ဖန်တီးထားသည့် အထက်ပါမျက်ကပ်မှန်သည် စွမ်းအင်အရင်းအမြစ်မလိုအပ်ဘဲ ဝတ်ဆင်သူများအနေဖြင့် အမှောင်ထဲ၌ အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် မြင်တွေ့နိုင်ကြောင်း သိရသည်။

အဆိုပါ မျက်ကပ်မှန်သည် လူသားတို့မမြင်နိုင်သည့် အလင်းရောင်များကိုစုပ်ယူ၍ မြင်နိုင်စွမ်းရှိသည့် အလင်းလှိုင်းအလျားအဖြစ် ပြောင်းလဲပေးနိုင်သော နာနိုရုပ်မှုန်လေးများကိုအသုံးပြုထားကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

မိမိတို့၏မျက်ကပ်မှန်၌ အသုံးပြုထားသည့် နာနိုရုပ်မှုန်များသည် လှိုင်းအလျား နာနိုမီတာ ၈၀၀ မှ ၁၆၀၀ ထိရှိသည့် အလင်းရောင်များကို စုပ်ယူနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

လူသားများ၏ မျက်စိကမူ လှိုင်းအလျား နာနိုမီတာ ၁၈၀ နှင့် ၇၀၀ ကြားတွင်ရှိသည့် အလင်းရောင်များကိုသာ တွေ့မြင်နိုင်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များ ဖန်တီးထားသည့် မျက်ကပ်မှန်သည် မျက်လုံးမှိတ်ထားချိန်တွင်ပင် အမှောင်ထဲမြင်နိုင်စွမ်း ဆက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မွေးကင်းစကလေးများအတွက်သုံးသည့် သွေးစစ်နည်းက ရှားပါးရောဂါများနှင့် ဆက်စပ်နေသည့် မျိုးဗီဇအပြောင်းအလဲများကို ဖော်ထုတ်နိုင်

**ကင်ဘာရာ မေ ၂၈**

မွေးကင်းစကလေးများအတွက် အသုံးပြုရသည့် သွေးစစ်နည်းတစ်မျိုးသည် ရှားပါးရောဂါများနှင့် ဆက်စပ်နေသည့် မျိုးဗီဇအပြောင်းအလဲများကို တစ်ကြိမ်စစ်ရုံဖြင့် ဖော်ထုတ်နိုင်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဩစတြေးလျ သုတေသနပညာရှင်များဖန်တီးထားသည့် အထက်ပါ သွေးစစ်နည်းသည် ရှားပါးသည့် မျိုးရိုးပါရောဂါ အများအပြားနှင့် ဆက်စပ်နေသည့် မျိုးဗီဇများကို တိကျစွာ ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၎င်း သွေးစစ်နည်းသည် တစ်ကြိမ်စစ်ရုံဖြင့် ပရိုတင်း ၈၀၀၀ ကျော်ကို လေ့လာဆန်းစစ်ပေးပြီး ရှားပါးမျိုးရိုးပါရောဂါများ ရှိ၊ မရှိကို ၈၃ ရာခိုင်နှုန်း တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း ဩစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အထက်ပါသွေးစစ်နည်းသည် မွေးကင်းစကလေးထံမှ သွေးနမူနာ တစ်မီလီမီတာမျှသာ ရယူရန်လိုပြီး ရလဒ်ကို သုံးရက်အတွင်း ဖော်ထုတ်ပေးနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပုံမှန်နိုးထချိန်ထက် စောစောနိုးထနေမှုက သိုင်းရွိုက်အကျိတ်များ လှုပ်ရှားတုံ့ပြန်မှု လွန်ကဲခြင်းပြဿနာ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**လန်ဒန် မေ ၂၈**

ပုံမှန်နိုးထချိန်ထက် စောစောစီးစီးနိုးထနေမှုသည် သိုင်းရွိုက်အကျိတ်များလှုပ်ရှားတုံ့ပြန်မှုလွန်ကဲခြင်းပြဿနာ (Hyperthyroidism) ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

သိုင်းရွိုက်အကျိတ်များ လှုပ်ရှားတုံ့ပြန်မှုလွန်ကဲပါက နံနက်စောစောအချိန်များတွင် အာရုံနှိုးဆဲလ်များကို စေ့ဆော်ပေးတတ်သည့် ဟော်မုန်းများထွက်ပေါ်မှု လွန်ကဲလာတတ်သည်။

သို့ဖြစ်ရာ နံနက်ပိုင်းပုံမှန်ထက်စော၍ နိုးကြားနေတတ်မှုသည် Hyperthyroidism ပြဿနာ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Hyperthyroidism ပြဿနာကြောင့် ဆံပင်များပါးလာခြင်း၊ မျက်သားခြောက်ခြင်း၊ လည်ပင်းရောင်ရမ်းခြင်း၊ စိုးရိမ်သောကဝင်ရောက်ခြင်း စသည့်ကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

Hyperthyroidism ပြဿနာသည် အဖြစ်များသော်လည်း လူအများအပြားကမူ ရောဂါလက္ခဏာများကို သတိမပြုမိကြကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Hyperthyroidism ရောဂါကြောင့် နှလုံးခုန်နှုန်း မူမမှန်မှု ပြဿနာ ပေါ်ထွက်လာနိုင်ပြီး နောက်ဆက်တွဲအဖြစ် နှလုံးခုန်ရပ်တရက်ရပ်တန့်မှု ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မက္ကဆီကိုကစားသမားဟောင်း ကားလို့စ်ဗီလာ ကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်

**မက္ကဆီကိုစီးတီး မေ ၂၈**

မက္ကဆီကို အသင်းတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သည့် တိုက်စစ်မှူးဟောင်း ကားလို့စ်ဗီလာသည် လော့စ်အိန်ဂျလိစ် အသင်းနှင့် လမ်းခွဲပြီးနောက် ခြောက်လအကြာတွင် ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကားလို့စ်ဗီလာသည် ၂၀၁၇ ခုနှစ်က ဆိုစီဒက်အသင်းမှ မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ် အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အသင်းနှင့် ပွဲထွက်ခွင့် စတင်ရရှိခဲ့ကာ ဘောလုံးရာသီ ခုနစ်ရာသီ ကစားခဲ့ရာတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၈၉ ပွဲတွင် သွင်းဂိုး ၉၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၅၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သူဖြစ်သည့်အပြင် အသင်းကို ၂၀၁၉၊ ၂၀၂၂ ခုနှစ်တွင် supporters' shields ဖလား၊ ၂၀၂၂ ခုနှစ်တွင် မေဂျာလိဂ်ဖလား၊ ၂၀၂၄ ခုနှစ်တွင် ယူအက်စ်အိုးပင်း ဖလားတို့ကို ရယူပေးနိုင်ခဲ့ပြီး ကွန်ကာကပ် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ နှစ်ကြိမ်ထိ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းသည် ၂၀၁၉ ခုနှစ်တွင် မေဂျာလိဂ်ပြိုင်ပွဲ၌ ဘောလုံးရာသီ တစ်ရာသီအတွင်း သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် မေဂျာလိဂ်ပြိုင်ပွဲတွင် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားဖြစ်လာခဲ့ပြီး ၂၀၂၄ အောက်တိုဘာ ၂၇ တွင် အသင်းအတွက် နောက်ဆုံးပါဝင်ကစားခဲ့ကာ အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသဖြင့် ခြောက်လအကြာတွင် အနားယူရန်ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ကားလို့စ်ဗီလာသည် ကစားသမားဘဝကို မက္ကဆီကိုကလပ် ဂွါဒါလာဂျာရာအသင်းနှင့် စတင်ခဲ့ပြီး အာဆင်နယ်အသင်း၊ အိုဆာဆူနာအသင်း၊ ဝက်စ်ဘရွန်းအသင်း၊ ဆိုစီဒက်အသင်းတို့တွင် ကစားခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး နိုင်ငံလက်ရွေးစင်အသင်းတွင် ပြိုင်ပွဲစုံ ၇၂ ပွဲတွင် သွင်းဂိုး ၁၉ ဂိုးသွင်းယူ၍ Gold Cup နှစ်ကြိမ် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



# နည်းပြကွန်စီကာအိုကို ထုတ်ပယ်၍ နည်းပြ မော့တာနှင့်အစားထိုးရန် အေစီမီလန်ပြင်ဆင်




**ရောမ မေ ၂၈**

အေစီမီလန် အသင်းသည် ဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းအနေဖြင့် ဥရောပဝင်ခွင့်နှင့် လွဲချော်ခဲ့သောကြောင့် နည်းပြကွန်စီကာအိုကို ထုတ်ပယ်၍ ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် ဂျူဗင်တပ်နည်းပြဟောင်း မော့တာနှင့် အစားထိုးရန် အဆောတလျင် ပြင်ဆင်လျက်ရှိသည်။

အေစီမီလန် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြဖွန်စီကာကို ခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းကို ရလဒ်ပိုင်း တိုးတက်လာအောင် စွမ်းဆောင်နိုင်ခြင်း မရှိသဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက နည်းပြကွန်စီကာအိုကို ခန့်အပ်ခဲ့ရာ အသင်းအနေဖြင့် ပုံစံကောင်း ပြန်လည်ရရှိခဲ့သဖြင့် စူပါကိုပါဖလား ဆွတ်ခူးရရှိခဲ့ပြီး ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲ တက်ရောက် နိုင်ခဲ့သော်လည်း ဘိုလော့နာအသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ဆုဖလားနှင့် လွဲချော်ခဲ့ပြီး အမှတ်ပေး ပြိုင်ပွဲတွင်လည်း အဆင့်(၈)နေရာဖြင့် ပြီးဆုံးခဲ့သဖြင့် ဥရောပပြိုင်ပွဲကစားခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့်အေစီမီလန်အသင်း တာဝန်ရှိသူများက နည်းပြကွန်စီကာအိုကိုထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ပြီး ဂျူဗင်တပ်အသင်းနည်းပြဟောင်း မော့တာကိုခန့်အပ်ရန် ဆွေးနွေးရန် စီစဉ်နေသကဲ့သို့ မော့တာအနေဖြင့် ဂျူဗင်တပ်အသင်းသို့မရောက်မီ ဘိုလော့နာအသင်းအား ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ဇက်ခ်ဇီး၊ ကာလာဖီအိုရီ စသည့် ကစားသမားကောင်းများ ပေါ်ထွက်အောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက မော့တာကိုသာ အစားထိုးသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အေစီမီလန်အသင်း ဒါရိုက်တာ အီဂလီတာရီအနေဖြင့် ကလပ်အသင်းများစုက စိတ်ဝင်စားနေသည့် မော့တာကို လက်ဦးမှုရယူရန် ကြိုးပမ်းနေသကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီက အမှားများကို သင်ခန်းစာယူ၍ လက်ရှိတွင် အသင်းမှ ခြေစွမ်းပြကစားသမားများဖြစ်သည့် တိုက်စစ်မှူး ပူလီဆစ်နှင့် ဂိုးသမား မိုင်ဂနန်တို့ကို စာချုပ်သက်တမ်းတိုး၍ လာမည့်ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# ကိုမိုအသင်းကစားသမား နစ်ကိုးပက်ဇ်ကို ပြန်လည်ခေါ်ယူရန် ရီးရဲလ်မက်ဒရစ် ပြင်ဆင်

**မက်ဒရစ် မေ ၂၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် စီးရီးအေကလပ် ကိုမိုအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား နစ်ကိုးပက်ဇ်ကို စာချုပ်ပါအချက်အတိုင်း ပြန်လည်ခေါ်ယူနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

နစ်ကိုးပက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ကိုမိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရိုခြောက်သန်းဖြင့် ရောက်ရှိခဲ့သော်လည်း စာချုပ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ကစားသမား၏ ခြေစွမ်းပိုင်းပေါ်မူတည်ကာ ပြောင်းရွှေ့ကြေး ယူရိုရှစ်သန်းဖြင့် ပြန်လည်ခေါ်ယူခွင့်ပါရှိနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ၎င်းကို ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ရီးရဲလ်မက်ဒရစ် အကယ်ဒမီထွက် လူငယ်ကစားသမားသည် ၂၀၂၄ ခုနှစ် နွေရာသီက ကိုမိုအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် နည်းပြဖာဘရီဂတ်စ် လက်အောက်တွင် အဓိက ကစားသမားတစ်ဦးဖြစ်လာခဲ့ကာ စီးရီးအေတွင် သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် စီးရီးအေပြိုင်ပွဲတွင် လူငယ်အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သည်။

အသက် ၂၀ ရှိ နစ်ကိုးပက်ဇ်သည် ကွင်းလယ်ပိုင်းတွင်သာမက ကွင်းလယ် တိုက်စစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သည့်အတွက် နည်းပြသစ် အလွန်ဆိုက ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် လူငယ်ကစားသမားကို အသင်းသို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။




**Ref : Goal.com**

**Trs : ML**

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဂျိုကိုဗစ်က မက်ဒေါ်နယ်ကို အနိုင်ရရှိ



**ပဲရစ် မေ ၂၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အမေရိကန် တင်းနစ်ကစားသမား မက်ဒေါ်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၃၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပသည့် ဂျီနီဗာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် Tour Level တွင် ဆုဖလားပေါင်း ၁၀၀ ထိ ဆွတ်ခူးရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျိုကိုဗစ်က "ကျွန်တော့်ခန္ဓာကိုယ်က နောက်ထပ်ဂရန်းစလန်းပြိုင်ပွဲဘယ်နှစ်ပွဲလောက် ကစားနိုင်အုံးမလဲဆိုတာ မသိသေးဘူး။ ဒါပေမဲ့ ကစားခွင့်ရတဲ့အချိန်တိုင်းမှာ အကောင်းဆုံးကစားနိုင်အောင်ကြိုးစားသွားမယ်။ အခုကစားနေရတဲ့ အခိုက်အတန့်ကိုလည်း အားရကျေနပ်ပါတယ်။ ဒုတိယအဆင့်ပွဲစဉ်ကို မာဂရက်ကွင်းမှာ ကစားရမှာကိုလည်း စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား မေ်သက်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက နွေရာသီအပြောင်းအရွှေ့တွင် အသုံးစရိတ် ယူရို သန်း ၂၉၀ ထိ အသုံးပြုရန် စီစဉ်နေပြီး ဂစ်ပ်ိုက်နှင့် ချာကီအပါအဝင် ကစားသမားခြောက်ဦးထိ ခေါ်ယူသွားမည်ဖြစ်ပြီး ချာကီကလည်း မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဖီကာအသင်း ခံစစ်ကစားသမား ကာရီးရက်စ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့် ခေါ်ယူ ရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုပြုလုပ်ခဲ့သောကြောင့် မန်ယူအသင်းအနေဖြင့် ကစားသမားကို ဘင်ဖီကာအသင်းသို့ ရောင်းချခဲ့စဉ်က ကစားသမားအနေဖြင့် အခြားကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ပါက ပြောင်းရွှေ့ကြေးမှ ရာခိုင်နှုန်းအကျိုးခံစားခွင့်ပါရှိခဲ့ကြောင်း သိရသည်။

**ML**

# WBA ယာယီစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ယာယီချန်ပီယံ ပလန့်နှင့် အာမန်ဒိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်




လက်ဗီးဂတ်စ် မေ ၂၈

WBA ယာယီစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိယာယီချန်ပီယံ အမေရိကန်လက်ဝှေ့သမား ပလန့်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား အာမန်ဒိုတို့ မေ ၃၁ ရက်တွင် အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်၌ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပလန့်သည် ပြီးခဲ့သည့်နှစ်စက်တင်ဘာလက စိန်ခေါ်ပွဲနောက်ဆုံး ထိုးသတ်သူဖြစ်ပြီး ကာလရှည် အနားယူထားသည့်အတွက်ကြောင့်လည်း ပရိသတ်များ၏ ဝေဖန်မှုများဖြင့်ရင်ဆိုင်နေရသူဖြစ်သည်။

အာမန်ဒိုက “ကျွန်တော် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကထဲစဝင်လာတော့ ပလန့်နဲ့ Sparring ယူဖူးတယ်။ ကျွန်တော်လက်ဝှေ့လောကထဲ မဝင်ခင်ကတည်းက ပလန့်က အောင်မြင်မှုတွေ ရရှိထားသူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပလန့်နဲ့ ထိုးသတ်ခွင့်ရလိမ့်မယ်လို့ ထင်မှတ်မထားခဲ့ဘူး။ အခုထင်မှတ်မထားတဲ့အရာတွေ ဖြစ်လာပါပြီ။ ကျွန်တော်ဟာ အရင်တုန်းက အာမန်ဒို မဟုတ်တော့ပါဘူး။ နည်းစနစ်အသစ်တွေနဲ့ သေသေချာချာ ပြင်ဆင်လေ့ကျင့်ထားပါတယ်။ ဒါကြောင့် ပလန့်ကိုအနိုင်ထိုးသတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ယာယီချန်ပီယံခါးပတ်ဟာ ကျွန်တော့်အတွက်ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# Memorial Tournament ပြိုင်ပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း မက်အီလ်ရွိုင်းပြောကြား

နယူးယောက် မေ ၂၈

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဒူဘလင်မြို့၌ ကျင်းပသွားမည့် ဂျက်နစ်ခ်ကလောက်အား ဂုဏ်ပြုသည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဂန္ထဝင် ဂေါက်သီးရိုက်ကစားသမား ဂျက်နစ်ခ်ကလောက်သည် ဂေါက်သီးရိုက် လောကတွင် အထင်ကရ ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူဖြစ်သကဲ့သို့ ဂေါက်သီးရိုက်လောက၏ လေးစားခံရသည့် ကစားသမား တစ်ဦးလည်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ယခုနှစ်တွင် အကြိမ်(၅၀)မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိဂေါက်သီးရိုက်လောက၏ အကောင်းဆုံးကစားသမားစာရင်းတွင် ပါဝင်နေသည့် မက်အီလ်ရွိုင်းက ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ထုတ်ပြန်ခဲ့ပြီးနောက် ဂျက်နစ်ခ်ကလောက်က စိတ်မကောင်းဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့သည်။

မက်အီလ်ရွိုင်းက “ကျွန်တော့်အနေနဲ့ အနားယူသွားဖို့ လိုအပ်နေသေးတဲ့အတွက် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တော့မှာ မဟုတ်ပါဘူး”ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဖီနာဘာချီအသင်းတွင်သာ ဆက်နေရန် နည်းပြမော်ရင်ဟို ဆုံးဖြတ်



အစ္စတန်ဘူလ် မေ ၂၈

တူရကီယဲ ထိပ်တန်းကလပ် ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုက လာမည့်ဘောလုံးရာသီတွင်လည်း အသင်းတွင်သာဆက်လက်တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၆၂ နှစ်ရှိ နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ရိုးမားအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ဖီနာဘာချီအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ တူရကီယဲစူပါလိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက နည်းပြမော်ရင်ဟိုအနေဖြင့် ဥရောပကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ဖွယ် ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး အသင်းဟောင်းများဖြစ်သည့် စပါးအသင်း၊ မန်ယူအသင်းတို့နှင့် သတင်းများထွက်ပေါ်ခဲ့သကဲ့သို့ ဆော်ဒီထိပ်တန်း ကလပ်အသင်းများကလည်း နည်းပြမော်ရင်ဟိုကို ခေါ်ယူရန်အတွက် သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြမော်ရင်ဟိုက ၎င်းနှင့်ပတ်သက်ပြီး ထွက်ပေါ်နေသည့်သတင်းများကို အဆုံးသတ်ပြီး လာမည့်ဘောလုံးရာသီတွင်လည်း ဖီနာဘာချီအသင်းကိုသာ ဆက်လက်တာဝန်ယူကိုင်တွယ်ရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဖီနာဘာချီအသင်းကို ပြိုင်ပွဲစုံ ၅၅ ပွဲ ကိုင်တွယ်ခဲ့ရာတွင် ၃၄ ပွဲ အနိုင်၊ ၁၂ ပွဲသရေနှင့် ကိုးပွဲရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်းက အမ်ဘာပေကို ကျောနံပါတ်(၁၀)ပြောင်းလဲဝတ်ဆင်ရန် ကမ်းလှမ်း



မက်ဒရစ် မေ ၂၈

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့်ဘောလုံးရာသီမစတင်ပြီး အသင်းမှ အဓိကတိုက်စစ်ကစားသမား အမ်ဘာပေကို ကျောနံပါတ်ပြောင်းလဲပြီး ကျောနံပါတ်(၁၀)ဝတ်ဆင်စေရန်အတွက် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ထားကြောင်း သိရသည်။

အမ်ဘာပေသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ကျောနံပါတ်(၉)ကို ဝတ်ဆင်ကစားခဲ့သူဖြစ်ပြီး ယခုအခါ ရီးရဲလ်မက်ဒရစ်အသင်းက ကျောနံပါတ်(၁၀)ကို ပြောင်းလဲဝတ်ဆင်ရန်အတွက် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းတွင် ဂန္ထဝင်ကျောနံပါတ်တစ်ခုဖြစ်သည့် ကျောနံပါတ်(၁၀)ကို ဝါရင့်ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ကာလရှည်ဝတ်ဆင်ခဲ့သူဖြစ်ပြီး မိုဒရစ်သည် လာမည့် ဇွန်လအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးကာ အသင်းမှ ထွက်ခွာမည်ဖြစ်သည့်အတွက် လစ်လပ်နေမည့် ကျောနံပါတ်(၁၀)ကို အမ်ဘာပေအား ပြောင်းလဲ ဝတ်ဆင်ရန်အတွက် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ်(၁၀)ကို လူကာမိုဒရစ်မတိုင်မီကလည်း အသင်းဂန္ထဝင် ကစားသမားတစ်ဦးဖြစ်သည့် ဖီဂိုဝတ်ဆင်ခဲ့သကဲ့သို့ ဖီဂိုနောက်ပိုင်းတွင်လည်း အိုဇေးဝတ်ဆင်ကစားခဲ့ရာ အသင်းဂန္ထဝင် ကျောနံပါတ်ဖြစ်သည့်အတွက် အမ်ဘာပေက လာမည့်ဘောလုံးရာသီတွင် ကျောနံပါတ်(၁၀)ကို ပြောင်းလဲဝတ်ဆင်သွားဖွယ်ရှိပြီး လက်ရှိ ပြင်သစ်အသင်းတွင်လည်း အမ်ဘာပေက ကျောနံပါတ်(၁၀)ကို ဝတ်ဆင်ကစားနေသူဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂန် အသင်းမှ ထွက်ခွာရန်ပြင်ဆင်လျက်ရှိ



ဘာစီလိုနာ မေ ၂၈

ဘာစီလိုနာ အသင်းက ဂိုးသမား ဆက်ဇနီကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် တာစတီဂန်အနေဖြင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဂိုးသမား တာစတီဂန်သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ဂလက်ဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းတွင် ကာလရှည်အဓိကပွဲထွက်ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင် ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ပွဲစဉ်အများစုကို လွဲချော်ခဲ့ရသဖြင့် ဘာစီလိုနာအသင်းက ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှအနားယူထားသည့် ဂိုးသမား ဆက်ဇနီကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဆက်ဇနီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်း ပြသနိုင်ခဲ့ပြီး ဘာစီလိုနာအသင်း စပိန်လာလီဂါဖလား၊ စပိန်စူပါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာ အသင်းက ဆက်ဇနီကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် လာမည့် ဘောလုံးရာသီတွင် နည်းပြ ဟန်ဆီဖလစ်က ဂိုးသမား ဆက်ဇနီကိုသာ ပထမပွဲထွက် ဂိုးသမားအဖြစ် အသုံးပြုဖွယ်ရှိနေသဖြင့် တာစတီဂန်အနေဖြင့် ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ ဆက်ရှိနိုင်သောကြောင့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# နှေးကွေးအိမ်

**ဒေါက်တာလွှမ်းမိုးဟန်**

ဟင်ဒီဘာသာစကားအရ နှေးကွေးအိမ်ဟု အဓိပ္ပာယ်ရသည့် Madham ဟုခေါ်ကြသော အိမ်ဆောင်တစ်ခုမှာ ဘွားဆာရှီနေသည်။ သည်နေရာမှာ နေရတာကြိုက်ရဲ့လား၊ အစစအရာရာ အဆင်ပြေရဲ့လားဟု မေးသံကြားတော့ ဘွားဆာရှီက ပြုံးသည်။ အသက် ၈၉ နှစ်အရွယ် ဘွားဆာရှီ၏ အသားအရည်က အရွယ်နှင့်မလိုက်အောင် စိုစိုပြေပြေရှိနေသည်။ ဘွားဆာရှီက အသံအောင်အောင်ဖြင့် သီချင်းတစ်ပုဒ်ကို စဆိုသည်။ လက်များကိုပင်မြှောက်ပြီး အားပါးတရဆိုနေသော်လည်း လက်ကိုအကြာကြီးမမြှောက်နိုင်သဖြင့် ပေါင်ပေါ်ကို ပြန်ကျသွားသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် အက်တာပရာဒစ်ရှ်ပြည်နယ် ဗရန်ဒါဗန်မြို့တွင် မုဆိုးမ အဘွားအိုများနေထိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးထားသည့် နှေးကွေးအိမ်များစွာရှိသည်။ နှေးကွေးအိမ်များသည် အခြားဘိုးဘွားရိပ်သာ၊ လူအိုရုံများနှင့်မတူသည်က နှေးကွေးအိမ်သို့ ရောက်လာသည့် အမျိုးသမီးကြီးများကို 'မိခင်' ကဲ့သို့ ပြုစုပေးခြင်းဖြစ်သည်။

နှေးကွေးအိမ်များကို စတင်အကောင်အထည်ဖော်ခဲ့သူက အိန္ဒိယနိုင်ငံ၏သမ္မတဟောင်းတစ်ဦးဖြစ်သူ ဗီဗီဂီရီ၏ချွေးမ လူမှုဝန်ထမ်းစေတနာရှင် မိုဟီနီဂီရီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အဘွားအိုတစ်ဦး မုဆိုးမအဖြစ် ရပ်တည်ရှင်သန်နိုင်ရန် မလွယ်ပေ။ ထိုအကြောင်းကိုနားလည်သည့် မိုဟီနီဂီရီက မုဆိုးမများအတွက်နားခိုရာ နှေးကွေးအိမ်များကိုဖွင့်လှစ်ပေးခဲ့သည်။ ဘွားဆာရှီနေသည့် နှေးကွေးအိမ်တွင် သူနှင့်ဘဝတူ အမျိုးသမီးကြီး ၁၈ ဦး နေထိုင်သည်။ တိတ်ဆိတ်ငြိမ်သက်သည့် ခြံဝင်းထဲတွင် အဆောက်အအုံ သုံးလုံး၊ ဘုရားကျောင်းဆောင် နှစ်ခု၊ ဆေးပေးခန်းလေးတစ်ခုအပြင် သစ်ပင်များအုပ်ဆိုင်းစွာဖြင့် နှေးကွေးအိမ်ကို တည်ဆောက်ထားသည်။

အိန္ဒိယနိုင်ငံသည် အခြားသောကမ္ဘာ့နိုင်ငံများကဲ့သို့ပင် သက်ကြီးရွယ်အိုဦးရေ များပြားလာသည့်စိန်ခေါ်မှုကို ကြုံတွေ့နေရပါပြီ။ ၂၀၂၀ ပြည့်နှစ်က အိန္ဒိယနိုင်ငံတွင် အသက် ၆၀ နှင့်အထက် အမျိုးသား၊ အမျိုးသမီးဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၂၀ ဒသမ ၈ ရာခိုင်နှုန်းထိ တိုးလာမည်ဖြစ်သည်။ ထိုအချိန်တွင် လူဦးရေ သန်း ၃၂၀ ခန့်သည် အသက် ၆၀ နှင့် အထက်များဖြစ်နေကြပါလိမ့်မည်။ အိန္ဒိယနိုင်ငံတွင် လူငါးဦးလျှင် တစ်ဦးမှာ အသက် ၆၀ကျော်အရွယ် ဖြစ်နေမည့်အခြေအနေဖြစ်သည်။

ထိုအထဲမှာမှ အသက် ၆၀ ကျော်အရွယ်အမျိုးသမီးများ၏ထက်ဝက်ကျော်မှာ မုဆိုးမများဖြစ်နေကြသည်။ အိန္ဒိယနိုင်ငံအမျိုးသားများက အမျိုးသမီးများလောက် အသက်မရှည်ကြခြင်းကလည်း နောက်ခံအကြောင်းရင်းတစ်ချက်ဖြစ်သည်။ ထိုမုဆိုးမအမယ်အိုများ၏ လူမှုစီးပွားဘဝများသည်လည်း မလုံခြုံမှုများနှင့်ကြုံတွေ့နေကြရသည်။

HelpAge India အမည်ရသည့် အဖွဲ့တစ်ဖွဲ့က ပြည်နယ်၂၀၊ ပြည်ထောင်စုနယ်မြေနှစ်ခုနှင့် မြို့ကြီးငါးမြို့မှ အသက် ၆၀ ကျော် အမျိုးသမီးဦးရေ ၇၅၀၀ ကျော်ကို ကောက်ယူထားသည့် စစ်တမ်းအရ စစ်တမ်းထဲတွင်ပါဝင်သည့် အမျိုးသမီးကြီးများ၏ ၈၁ ရာခိုင်နှုန်းက မိသားစုနှင့်အတူ နေထိုင်ကြသည်။ ကျန် ၁၉ ရာခိုင်နှုန်းမှာ တစ်ဦးတည်း လမ်းပေါ်တွင်ဖြစ်သလိုနေကြရသကဲ့သို့ နှေးကွေးအိမ်ကဲ့သို့နေရာမျိုးတွင် စုပေါင်းနေထိုင်ကြသည်လည်းရှိသည်။ မိသားစုနှင့်အတူ နေထိုင်ကြသူများသည်လည်း သားသမီးကို လုံးဝမှီခိုနေရသူများဖြစ်သည်။

ကျန်းမာရေးရှုထောင့်ကကြည့်လျှင် စစ်တမ်းတွင်ပါဝင်သူအမျိုးသမီးကြီးများ၏ ၄၈ ရာခိုင်နှုန်းသည် အနည်းဆုံးနာတာရှည်ရောဂါတစ်ခုရှိနေကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုအာမခံမရှိသည့်အတွက် ပုံမှန်ဆေးကုသခွင့်လည်းမရကြပေ။ သုတေသနစစ်တမ်းတစ်ခုအရ အိန္ဒိယနိုင်ငံရှိ အိမ်ထောင်စုများ၏ ၂၁ ရာခိုင်နှုန်းသည်သာ ကျန်းမာရေးစောင့်ရှောက်မှု အာမခံဝယ်ယူထားကြသည်။ အသက် ၆၀ ကျော်သူများ၏ ၁၈ ဒသမ ၂ ရာခိုင်နှုန်းသာလျှင် ကျန်းမာရေးစောင့်ရှောက်မှု အာမခံရှိကြသည်။ ထိုသူများ၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။

ဘွားဆာရှီ နှေးကွေးအိမ်ကို ရောက်လာချိန်က အဝတ်တစ်ထည်ကိုယ်တစ်ခုသာ ပါလာသည်။ အရင်က မွန်ဘိုင်းတွင် အိမ်ထောင်သည်သမီးနှင့်အတူနေခဲ့သည်။ အဆင်မပြေ။ သမီးအိမ်တွင်နေခဲ့ရသည့်အကြောင်းပြန်ပြောရလျှင် မျက်မှောင်ကြုတ်နေတတ်သည်။ သမီးဖြစ်သူနှင့်အတူနေရသော်လည်း ငွေကြေးထောက်ပံ့မှုမရှိ။ မှတ်ပုံတင်လည်း ပျောက်သွားသည်။ နှေးကွေးအိမ်ကို ရောက်လာမှ မုဆိုးမပင်စင်လျှောက်ရန် မှတ်ပုံတင်အသစ်ပြန်လုပ်ရသည်။ အိန္ဒိယနိုင်ငံတွင် 'အင်ဒီရာဂန္ဒီအမျိုးသား မုဆိုးမ ပင်စင်ထောက်ပံ့ရေး စီမံချက်' ရှိသည်။ ထိုစီမံချက်အရ အိန္ဒိယဗဟိုအစိုးရမှ မုဆိုးမတစ်ဦးလျှင် လစဉ်ရူပီငွေ ၁၀၀၀ ထောက်ပံ့သည်။

အိန္ဒိယမိသားစုများ၏ဖွဲ့စည်းပုံသည် လူမှုရေး၊ စီးပွားရေး၊ အမွေဆက်ခံပိုင်ခွင့်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပိုင်းဆိုင်ရာများအရပါ ပတ်သတ်ဆက်နွယ်နေကြခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် မိဘနှင့်သားသမီးဆက်ဆံမှုက ပိုပြီးနီးနီးကပ်ကပ်ဖြင့် ရင်းနှီးမှုရှိခဲ့သည်။

သို့သော် အချိန်ကာလ ရွေ့လျားမှုနှင့်အတူ ယဉ်ကျေးမှုစံနှုန်းများသည်လည်း ဖြည်းဖြည်းချင်း ပြောင်းလဲလာခဲ့သည်။ အိန္ဒိယလူ့အဖွဲ့အစည်းတွင် မိသားစုများက အခြေခံအဆောက်အအုံဖြစ်သည်။ သို့သော် သားသမီးများအနေဖြင့် မိအိုဖအိုများကို ပြုစုစောင့်ရှောက်လုပ်ကျွေးနိုင်ရန် ခက်ခဲလာသည်။ သည်လိုနှင့် နှေးကွေးအိမ်ကဲ့သို့ ဘိုးဘွားရိပ်သာတစ်ပိုင်း၊ လူအိုရုံတစ်ပိုင်း ပရဟိတအဖွဲ့အစည်းများက တစ်နိုင်တစ်ပိုင် စောင့်ရှောက်ပေးထားရသည့် 'သက်ကြီးရွယ်အိုရိပ်မြုံ'လေးများ အလျှိုလျှိုပေါ်ပေါက်လာသည်။

> ❖နှေးကွေးအိမ်များကို စတင်အကောင်အထည်ဖော်ခဲ့သူက အိန္ဒိယနိုင်ငံ၏သမ္မတဟောင်းတစ်ဦးဖြစ်သူ ဗီဗီဂီရီ၏ချွေးမ လူမှုဝန်ထမ်းစေတနာရှင် မိုဟီနီဂီရီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အဘွားအိုတစ်ဦး မုဆိုးမအဖြစ်ရပ်တည်ရှင်သန်နိုင်ရန်မလွယ်ပေ။ ထိုအကြောင်းကိုနားလည်သည့် မိုဟီနီဂီရီက မုဆိုးမများအတွက်နားခိုရာ နှေးကွေးအိမ်များကိုဖွင့်လှစ်ပေးခဲ့သည်။ ဘွားဆာရှီနေသည့် နှေးကွေးအိမ်တွင် သူနှင့်ဘဝတူ အမျိုးသမီးကြီး ၁၈ ဦးနေထိုင်သည်။ တိတ်ဆိတ်ငြိမ်သက်သည့် ခြံဝင်းထဲတွင် အဆောက်အအုံသုံးလုံး၊ ဘုရားကျောင်းဆောင် နှစ်ခု၊ ဆေးပေးခန်းလေးတစ်ခုအပြင် သစ်ပင်များအုပ်ဆိုင်းစွာဖြင့် နှေးကွေးအိမ်ကိုတည်ဆောက်ထားသည်။ ❖

၂၀၀၇ ခုနှစ်တွင် အိန္ဒိယအစိုးရက 'မိဘများနှင့် သက်ကြီးရွယ်အိုများ သက်သာချောင်ချိရေးနှင့် စောင့်ရှောက်ရေးဥပဒေ'ကိုပြဋ္ဌာန်းခဲ့သည်။

ထိုဥပဒေအရ ခရိုင်တစ်ခုစီတွင် အစိုးရက တာဝန်ယူသည့် လူဦးရေ ၁၅၀ ဆံ့သည့် ဘိုးဘွားရိပ်သာ အနည်းဆုံးတစ်ခုစီရှိရမည်ဟု သတ်မှတ်ထားသည်။ လက်ရှိကာလ အိန္ဒိယနိုင်ငံတစ်ဝန်း ဘိုးဘွားရိပ်သာနှင့် လူအိုရုံအများစုမှာ ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်းများမှ ထူထောင်ထားကြခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ထုတ်ပြန်ချက်များအရ အိန္ဒိယတစ်နိုင်ငံလုံးတွင် သက်ကြီးရွယ်အိုများအတွက် တည်ထောင်ထားသည့်နေရာပေါင်း ၁၁၅၀ နေရာရှိပြီး သက်ကြီးရွယ်အိုဦးရေ ၉၇၀၀၀ ခန့်ကို လက်ခံစောင့်ရှောက်ပေးနေသည်ဟု သိရသည်။

ကာလာရာပြည်နယ်တွင် သက်ကြီးရွယ်အိုများအတွက် တည်ဆောက်ထားသည့်နေရာ ၁၈၂ နေရာ၊ အနောက်ဘင်္ဂါလီပြည်နယ်တွင် ၁၆၄ နေရာ၊ တမီးနာဒူပြည်နယ်တွင် ၁၅၁ နေရာ၊ မဟာရာရှ်ထရာပြည်နယ်တွင် ၁၃၃ နေရာ၊ အန်ဒရာပရာဒတ်ရှ်ပြည်နယ်တွင် ၁၁၄ နေရာ၊ ကာနာတာကာပြည်နယ်တွင် ၉၁ နေရာနှင့် ဂူဂျာရတ်ပြည်နယ်တွင် ၇၇ နေရာဖြစ်သည်။

နှေးကွေးအိမ်တွင် ဘွားဆာရှီနှင့်အတူတူနေထိုင်သော ဘွားရှာဒါက အသက် ၆၇ နှစ်ရှိပြီ။ သူက ချမ်းပြီးတုန်နေသည်။ ခါးနာရောဂါရှိသည်ဟုလည်းပြောသည်။ ကျန်းမာရေးက တစ်စတစ်စ ယိုယွင်းလာသည်။ ခင်ပွန်းသည်က ၁၉၉၂ ခုနှစ်တွင် ကွယ်လွန်သွားသည်။ သားသမီးနှစ်ဦးရှိပြီး နှေးကွေးအိမ်ရောက်မလာခင်ထိ သူတို့နှင့်အတူတူနေခဲ့သည်။ အိန္ဒိယ၏ထုံးစံအရ မိန်းကလေးအိမ်ထောင်ကျသွားလျှင် ယောက္ခမအိမ်လိုက်နေရသည်။ ဘွားရှာဒါ၏ သမီးက အိမ်ထောင်အရင်ကျတော့ သျှောင်နောက်ဆံထုံးပါသွားသည်။ အိမ်တွင်သားဖြစ်သူနှင့် နေရသည်။ သား၏ဇနီးက ကွယ်လွန်သွားပြန်တော့ ဘွားရှာဒါကို ကြည့်မည့်သူမရှိပြီ။ သားဖြစ်သူက မစောင့်ရှောက်နိုင်ဟုဆိုသဖြင့် 'နှေးကွေးအိမ်'ကို ရောက်လာခဲ့သည်။

အသက်ကြီးလာသည့် အမျိုးသမီးများ မခန့်လေးစား လုပ်ခံရသည်များသည်။ အိန္ဒိယ သုတေသနတစ်ခုအရ အဘွားအိုများ၏ ၁၆ ရာခိုင်နှုန်းမှာ ရုပ်ပိုင်း၊ စိတ်ပိုင်းအရ နှိပ်စက်ခံရသည်ဟု သိရသည်။ အဓိကပြုလုပ်သူများမှာ သားအရင်းများက အများဆုံးဖြစ်ပြီး ချွေးမနှင့်အခြားသွေးချင်းများလည်းပါသည်။ သားသမီးရှိသည့် မုဆိုးမအဘွားအိုများထက် တစ်ကိုယ်တည်းကျန်ရစ်သည့် မုဆိုးမအဘွားအိုများက ပိုပြီးနှိပ်စက်ခံကြရသည်။ ကျန်းမာရေးဆိုးရွားလာသည့်အခါ ပြုစုစောင့်ရှောက်မည့်သူ၊ ဆေးကုသပေးမည့်သူမရှိဘဲ ရောဂါဝေဒနာကို ခါးစည်းခံကြရတော့သည်။

နှေးကွေးအိမ်တွင် နေထိုင်သော နောက်ထပ်အဘွားတစ်ဦးမှာ ဘွားပါဗာသီဖြစ်သည်။ အသက် ၆၅ နှစ်ရှိပြီ။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်ကတည်းက ခင်ပွန်းသည် ဆုံးပါးသွားပြီး မုဆိုးမဖြစ်ခဲ့ရသည်။ ခင်ပွန်းဆုံးပါးပြီးနောက် ပိုင်ဆိုင်တာများ ဖြည်းဖြည်းချင်းရောင်းစားပြီး ရပ်တည်ခဲ့သည်။ ညီအစ်ကိုမောင်နှမဝမ်းကွဲများအိမ်တွင် ဝိုင်းကူလုပ်ပြီး ဝိုင်းလုပ်ဝိုင်းစားသဘောမျိုး နေထိုင်ခဲ့ရသည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကစပြီး ခါးကိုက်ဝေဒနာစွဲကပ်လာခဲ့သဖြင့် အလုပ်ကောင်းကောင်းမလုပ်နိုင်တော့။ အမျိုးများက ခေါ်မထားချင်ပေ။ သည်လိုနှင့် နှေးကွေးအိမ်ကိုရောက်လာခဲ့သည်။ သည်မှာက မိသားစုလိုပဲ ခံစားရသည်ဟု ဘွားပါဗာသီက ပြောသည်။

ည ၇ နာရီရှိပြီ။ နှေးကွေးအိမ်မှ အဘွားများ ထမင်းစားပွဲကြီးဘေးတွင် တန်းစီပြီးထိုင်နေကြပြီ။ မကြာမီ ညစာကျွေးတော့မည်။ ညစာမစားမီ မောင်းသံလေးတစ်ချက်ကြားလိုက်ရသည်။ အဘွားအိုများ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲဖေးမပြီး ထရပ်လိုက်ကြ၊ ဆုတောင်းဝတ်ပြုမှုများကို ခပ်တိုးတိုးဆိုကြသည်။ အားလုံးက ဖြေးဖြေးနှေးနှေးဖြင့် နှေးကွေးအိမ်များတွင် နေထိုင်ရင်း ကျန်ရှိနေသေးသည့်ဘဝကို ဖြတ်သန်းနေကြပါသည်။

**ကိုးကား**

**– Ageing widows in India by Martina Merten from Lancet May 2025**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လင်ကြမ်းမယားကြမ်းဇာတ်လမ်းကို Shwe Stream Application တွင် ဇွန်လအတွင်း ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်




ရန်ကုန် မေ ၂၈

လင်ကြမ်းမယားကြမ်း ဇာတ်လမ်းကို Shwe Stream Application တွင် ဇွန်လအတွင်းထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ လင်ကြမ်းမယားကြမ်း ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခွန်သာချိုထံမှ သိရသည်။

အဆိုပါလင်ကြမ်းမယားကြမ်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားကာ ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခွန်သာချိုက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ရုပ်ထဲရွာထဲမှာ ငွေတိုးချေးစားပြီး လင်ကြမ်းမယားကြမ်းလို့ နာမည်ကြီးကာ အမြဲရန်ကားနေတတ်လို့ ရွာလူကြီးရဲ့ ထိပ်တုံးနဲ့ နှစ်ပါးသွားနေရတဲ့ ကျော်ဒွန်းတို့ လင်မယား တစ်နေ့ဓားပြတွေ တိုက်ရာပါပစ္စည်း ရွှေထုပ်ကိုရလို့ အပျော်ကြီးပြီး ကြီးပွားပြီအမှတ်နဲ့ အိမ်ကိုယူခဲ့ရာမှစလို့ ချောက်ချားစရာ အိပ်မက်တွေနဲ့အတူ မကောင်းဆိုးဝါး အရိပ်အယောင်တွေမြင်လာရသော်လဲ ဥပေက္ခာပြုကာ မဆင်မခြင်လောဘစိတ်တက်မိတာကြောင့် ကျော်ဒွန်းတို့ လင်မယားအပေါ် ဘယ်လို အန္တရာယ်တွေကျရောက်ပြီး ဒုက္ခပင်လယ်ဝေသွားမလဲ ဆိုတာကို စိတ်ဝင်စားဖွယ် စောင့်မျှော်ကြည့်ရှုရမှာပဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ခွန်သာချိုက ပြောပြသည်။

အဆိုပါလင်ကြမ်းမယားကြမ်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အောင်ခိုင်၊ ခွန်သာချို၊ ခိုင်နှီး၊ အာကာမြင့်အောင်၊ အိမ့်ခြူးပွင့်၊ ခင်မို့မို့အေးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Fortune စွန့်စားခန်းအက်ရှင်ဇာတ်ကားသစ်၌ မင်းသား အလန်ရစ်ဆင် ပါဝင်မည်

နယူးယောက် မေ ၂၈

Fortune အမည်ရှိ စွန့်စားခန်း အက်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရေးအတွက် Skydance ကုမ္ပဏီက ပြင်ဆင်နေကြောင်း မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

Fortune ဇာတ်ကားတွင် Reacher မင်းသား အလန်ရစ်ဆင်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Fortune ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နီးဝိဒန်နာနှင့် ဂါဗင်ဂျိမ်းတို့က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Fortune ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Skydance ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

ထို့ပြင် Fortune ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကိုလည်း Skydance ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Fortune ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ရုပ်ရှင်ထုတ်လုပ်သူ ဂျာရီဘရွတ်ဟိုင်းမားက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အဆိုတော်ရဲရင့်အောင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant တွင် ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် မေ ၂၈

အဆိုတော် ရဲရင့်အောင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုတော်ရဲရင့်အောင်ထံမှ သိရသည်။




အဆိုတော် ရဲရင့်အောင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ရဲရင့်အောင်၏ သီဆိုဖျော်ဖြေမှုများကို ပင်တိုင်စံ Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇွန် ၁ ရက်မှာ လုပ်မဲ့ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲမှာ ကျွန်တော်နဲ့အတူ Transporter Band ရဲ့ ပင်တိုင်တေးသံရှင်တွေဖြစ်တဲ့ Jule၊ Robin၊ Htoo Htoo၊ Hay Man Myint Zaw၊ Kyawt Kay Thi နဲ့ ဒီဂျေတွေကလဲ ပံ့ပိုးသီဆိုပေးကြမှာဖြစ်သလို နာမည်ကျော် Transporter ရဲ့ပင်တိုင်စံ Music Band ကလဲ အကောင်းဆုံး တီးခတ်ပေးမှာဖြစ်ပါတယ်။ Secret Pieces Dance Group က Dancers လေးတွေရဲ့ အမိုက်စားဖျော်ဖြေမှုတွေလဲ ပါဝင်အုံးမှာပါ"ဟု အဆိုတော်ရဲရင့်အောင်က ပြောပြသည်။

ASH

# The Devil Wears Prada-2 ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ရုံတင်ရန်စီစဉ်

နယူးယောက် မေ ၂၉

The Devil Wears Prada-2 ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီး ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဇာတ်ကားသည် The Devil Wears Prada(2006) ဟာသဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များစာရင်းကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

မူလ Devil Wears Prada ဇာတ်ကားတွင် မင်းသမီး မာရီစထရီ၊ အန်နီဟေသာဝေး၊ အမ်မလီဘလန့်နှင့် မင်းသားစတန်လေတူစီတို့ပါဝင်ထားသည်။

The Devil Wears Prada (2006) ဇာတ်ကားသည် ဖက်ရှင်မဂ္ဂဇင်းတစ်စောင်၌ သတင်းထောက်အဖြစ် အလုပ်လုပ်သူအမျိုးသမီးငယ်တစ်ဦးရင်ဆိုင်ရမှုများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဟာသဇာတ်ကား ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဖရန်ကယ်က စာရေးဆရာမ လော်ရန်ဝိုက်စဘာဂျာ၏ ခေါင်းစဉ်တူဝတ္ထုကို အခြေခံရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO




# ပဉ္စလက်မိုး ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လအတွင်း ရုံတင်ပြသသွားမည်

ရန်ကုန် မေ ၂၈

Frenzo Production ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ပဉ္စလက်မိုးရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးစီးပြီဖြစ်ကာ ဇူလိုင်လအတွင်း ရုံတင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ပဉ္စလက်မိုးရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်သူ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်ထံမှ သိရသည်။

အဆိုပါ ပဉ္စလက်မိုးရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)၏ အောင်မြင်ခဲ့သည့်ဝတ္ထုတစ်ပုဒ်ကို သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ဒါရိုက်တာမီးပွားနှင့်လက်တွဲကာ ရိုက်ကူးပုံဖော်တင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ပိတောက်ကတဲ့ ဂီတမှာ အတွဲညီခဲ့ကြတဲ့ ဒါရိုက်တာဦးမီးပွားရယ်၊ Frenzo ထုတ်လုပ်ရေးရယ်၊ သရုပ်ဆောင် ပိုးမီသာရယ်၊ DP ကိုဖြိုးကျော်ရယ် ကျွန်တော် စိုင်းစိုင်းခမ်းလှိုင်ရယ် အနုပညာရှင်တွေ များစွာပါဝင်ပြီးတော့ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ အချစ်ကားလေးဖြစ်လာဖို့ အကောင်းဆုံး ကြိုးစားရိုက်ကူးခဲ့ကြပါတယ်။ မနှစ်က နိုဝင်ဘာ ၂၇ ရက်မှာ စတင်ရိုက်ကူးခဲ့တဲ့ ပဉ္စလက်မိုးရုပ်ရှင်ဇာတ်ကားဟာ မနှစ်က ဒီဇင်ဘာ ၆ ရက်ကတည်းက ရိုက်ကူးပြီးစီးခဲ့တာပါ။ ကျွန်တော့်အတွက်တော့ တာဝန်နှစ်ခုယူခဲ့မိတဲ့အတွက် အပင်ပန်းဆုံး Project တစ်ခုပါပဲ။ ပရိသတ်တွေ စောင့်နေကြတဲ့ ကျွန်တော်ရဲ့ တတိယမြောက် ကိုယ်တိုင်ထုတ်လုပ်ဖန်တီးထားတဲ့ ပဉ္စလက်မိုးဇာတ်ကားကြီးဟာ ဇူလိုင်လမှာ ရုံတင်ပြသခွင့်ရမှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

အဆိုပါ ပဉ္စလက်မိုးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ တေဇလင်းရောင်၊ သိန်းလင်းစိုး၊ ညီနန္ဒ၊ မေတိုးခိုင်၊ ပိုးမီသာ၊ ခင်ဇာခြည်ကျော်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Tilapia sales from Pyapon Township to Yangon market increase in April


Workers seen preparing to transport Tilapia fish to Yangon.

**Pyapon May 28**

Locals from Pyapon Township, Ayeyawady Region, sold more tilapia fish to the Yangon market in April, said Daw Kay Thi Tun, a fishery products entrepreneur in Pyapon Township.

Pyapon Township transported 55,000 visses of tilapia fish to the Yangon market in March, and from April 1 to 30, up to 75,000 visses of tilapia fish were sold. The market price of tilapia fish is up to 14,000 kyats per viss.

"The sale was increased in April in compared with the sale in March. In May, many more fish were sold. With the good fish trade, people related to the fishing industry have found employment opportunities and their lives are comfortable. People like fish from this area," she said.

In Pyapon Township, entrepreneurs systematically produce fish products, including tilapia, and sell them mainly to the Yangon market. They also continue to distribute them to other areas in the region.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers finish harvest of maize and sweet corns in Phaungpyin Township

**Phaungpyin May 28**

Local farmers have harvested all sown acreage of maize and sweet corns in Phaungpyin Township of Sagaing Region, according to the statistics of Mawlaik District Agriculture Department.

In Phaungpyin Township, during the winter crop season, a total of 5,411 acres were cultivated with maize and sweet corn for consumption. Harvesting of these crops began in January of this year and continued up to the present. Out of the total, 800 acres were used for seed maize, yielding 48.82 baskets per acre, while 4,611 acres were used for sweet corn, yielding over 19,000 corn-cobs per acre.

"The winter crop season in Phaungpyin Township allowed for cultivation of up to 5,411 acres of seed maize and sweet corn. At present, 100 per cent of the cultivated fields have been harvested. To ensure successful crop production, we provided education and awareness programmes and implemented measures to prevent pest and disease outbreaks," said Daw Kywe Kywe Hlaing, Head of the Department of Agriculture for Mawlaik District.

In Phaungpyin Township, the Department of Agriculture supported maize and sweet corn farmers through training courses, field demonstrations, preventive measures against stem borers, integrated pest management, and the application of neem-based pesticides, as well as proper use of ginger, chili-based pesticides, and other agricultural practices.

It was also learned that maize cultivation yields over 50 baskets per acre, with a cost of over K500,000 per acre, and sweet corn yields 15,000 cobs per acre, also with a cost of over K500,000 per acre.

206


Newly harvested sweet corn.

# Winter peanut harvested in Wetlet Township

**Wetlet May 28**

The statistics of Wetlet Township Agriculture Department of Sagaing Region stated that local farmers have harvested 100 per cent of winter peanut in the township.

In Wetlet Township, during the winter crop season, peanuts were cultivated on up to 14,682 acres. It is reported that harvesting of these peanut fields began in January of this year and has been completed up to 100 per cent as of today, with an average yield of 80 baskets per acre.

"The winter crop season in Wetlet Township saw peanut cultivation on a total of 14,682 acres. Currently, 100 per cent of the planted fields have been harvested. As an oil crop, peanuts have been quite successful. Year by year, peanut cultivation has shown improvement," said Daw Kyin San, the Head of the Department of Agriculture in Wetlet Township.

In Wetlet Township, farmers use 1.5 baskets of seed per acre for peanut cultivation. The cost per acre—including seed cost, labor, fertilizers, and pesticides—is over 200,000 kyats. The average yield per acre is more than 50 baskets.

To ensure the success of the peanut fields in Wetlet Township, and to prevent pest and disease outbreaks as well as weed infestations, staff from the Township Department of Agriculture conducted on-site field inspections and recorded monitoring data.

206


Newly harvested peanuts.

# Sagaing Township to grow more than 10,000 acres of monsoon sunflower this year

**Sagaing May 28**

According to the Sagaing Township Agriculture Department, local authorities earmarked cultivation of more than 10,000 acres of monsoon sunflower in Sagaing Township of Sagaing Region.

For the 2025–2026 monsoon cropping season, it has been planned to cultivate 12,366 acres of sunflower in the Sagaing Township. Currently, land preparation is underway for sunflower cultivation.

"This year, over 10,000 acres of sunflower are planned for cultivation in Sagaing Township during the monsoon season. Efforts will be made to ensure the target acreage is fully achieved. In order to reduce the import of edible palm oil from abroad, sunflower – an oil-producing crop – will be cultivated more extensively. Compared to other oil crops like groundnut and sesame, sunflower yields more oil per acre. Sunflowers are only cultivated during the cool season," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

To promote the expansion of sunflower cultivation in Sagaing Township, the relevant township agriculture department is intensifying training programs and efforts to increase the capacity of staff and farmers intending to grow sunflower.

This year, support will be provided to sunflower farmers in Sagaing Township with seed supplies, access to fertilizers at reasonable prices, and distribution of new sunflower varieties through a farmer-to-farmer exchange system.

206

# Pwintphyu Township targets to plant over 1,000 acres of sunflower this rainy season



A thriving sunflower plantation in Pwintphyu Township.

**Pwintphyu May 28**

A total of 1,046 acres of sunflower will be planted during this rainy season in Pwintphyu Township, located in Minbu District of the Magway Region, according to the Department of Agriculture for Pwintphyu Township.

Pwintphyu Township has planned to plant 1,046 acres of sunflower in the rainy season, and is currently working on cultivating farmland to grow sunflower.

"Sunflower yields more oil per acre than other oilseeds such as peanuts and sesame. Sunflower is planted more in this area in the winter. We will supervise the planting of rain-fed sunflower to meet the target," said Daw Moe Moe Wai, head of the Department of Agriculture for Pwintphyu Township.

If sunflower can be cultivated with good yield and quality, it will not only fulfil domestic oil consumption, but also export the surplus to sell. This will generate income and develop socio-economic life, so it is necessary to expand sunflower cultivation in all regions, she said.

Ye Win Naing (NyaungU)

# Trump claims Canada would need to pay 61 bln USD to join "Golden Dome" system

**Washington May 28**

U.S. President Donald Trump claimed on Tuesday that Canada would need to pay 61 billion U.S. dollars to join his proposed "Golden Dome" missile defense system.

"I told Canada, which very much wants to be part of our fabulous Golden Dome System, that it will cost $61 Billion Dollars if they remain a separate, but unequal, Nation, but will cost ZERO DOLLARS if they become our cherished 51st State," Trump wrote on Truth Social post.

Trump announced Tuesday the 175 billion U.S. dollar missile shield project, appointing U.S. Space Force General Michael Guetlein to lead what Trump described as a "Manhattan Project-scale" initiative.

The system is designed to create a comprehensive network of satellites capable of detecting, tracking, and intercepting incoming missiles. The project represents a substantial evolution from what was initially announced as the "Iron Dome for America" in the Trump administration's first week, before being renamed "Golden Dome" by the Pentagon in February.

Xinhua

# Lima bean in Mawlamyinegyun Township marketable at domestic market

**Mawlamyinegyun May 28**

Trading of large lima bean is in high demand at the domestic market in Mawlamyinegyun Township of Ayeyawady Region, said Daw Thuza Win, the owner of pulse and bean trading in Mawlamyinegyun Township.

In the bean trading market of Mawlamyinegyun Township, white large flat lima beans have been selling well since the first week of May this year, with strong buying activity and good trade flow. It is reported that the increased demand for these white lima beans is mainly due to purchases coming from the Yangon market.

"Around here, the demand for white lima beans is higher compared to other beans. The buying started around the first week of this month. The Yangon domestic market has been purchasing white lima beans, and trading has become more active. The reason for this domestic buying is that businesses related to lima beans are starting to operate again locally. Since the trade is going well, those who have stored white lima beans are in a favorable position," said Daw Thuza Win.

Currently, in the Mawlamyinegyun Township bean trading market, white lima beans are trading at up to K165,000 per sack due to the strong demand. This rising demand is providing better job opportunities for bean storage operators, traders, freight drivers, and labourers, as the entire supply chain benefits from the increased trade activity.

Kyaw Kyaw Lin



Photo shows samples of lima beans.

# Xinhua Headlines: Shocked, angry and worried -- int'l students react to Harvard ban

**Boston May 28**

The graduation season is usually a time of anticipation and celebration, but at Harvard University in Cambridge, Massachusetts, the atmosphere is instead charged with anxiety and unease.

Over the past weekend, the federal government's policy banning the oldest U.S. university from enrolling international students sparked shock, anger and fear.

Although Harvard has filed a lawsuit against the federal government, and a federal judge in Massachusetts has temporarily blocked the ban, the policy's implications continue to alarm current and prospective international students across the United States.

Light rain fell over Harvard's campus on Saturday. When approached by Xinhua for comments, many students were reluctant to discuss the topic. Among a few who were willing to speak, some chose not to disclose their names.

A Canadian history PhD student said his reaction upon learning about the U.S. government's ban was "emotional." "I'm angry and I'm nervous, nervous on my own status, angry at the American government," he said.

Xinhua



This photo taken on May 24, 2025 shows a view of the Harvard University campus in Cambridge, Massachusetts, the United States.

# Farmers of Budalin Township to grow more than 5,000 acres of sunflower in monsoon

**Budalin May 28**

Budalin Township Agriculture Department stated that local farmers will grow more than 5,000 acres of monsoon sunflower in the township of Sagaing Region this year.

For the 2025–2026 monsoon crop season, a total of 5,706 acres of sunflower crops are planned to be cultivated in Budalin Township. At present, land preparation is underway to enable the planting of sunflower crops.

"This year, during the monsoon crop season in Budalin Township, more than 5,000 acres of sunflower crops are planned for cultivation. Efforts will be made to ensure full implementation of this target acreage. To reduce the import of edible palm oil, expansion of sunflower—an oil-producing crop—will be undertaken. Among the oil crops, sunflower yields more oil per acre than other crops like groundnuts or sesame. Sunflowers are only cultivated in the cold season," said U Phyo Wai, Head of the Budalin Township Department of Agriculture.

In Budalin Township, to support the expansion of sunflower cultivation, the Township Department of Agriculture is intensifying training programs for both its staff and the farmers who will be planting sunflowers, in order to enhance their capacity.

This year, to support sunflower farmers in Budalin Township, the department has planned to provide quality seeds, sell Urea fertilizer at subsidized prices, and distribute new sunflower varieties using a farmer-to-farmer seed exchange system. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက SWS3 ဒုံး၊ အမြောက်ဒွန်တွဲလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့



တရုတ်နိုင်ငံသည် လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်ဒီဇိုင်းထုတ်ထားသည့် SWS3 ဒုံး၊ အမြောက်ဒွန်တွဲလေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက မေ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်တွင် ၃၅ မမ လေယာဉ်ပစ်အမြောက်နှစ်လက်နှင့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ ပါဝင်ဖွဲ့စည်းပေးထားပြီး ပြောင်းလွယ်ပြင်လွယ်ရှိစွာနှင့် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်နိုင်စေရန် လေးဘီးသို့မဟုတ် ခြောက်ဘီးတပ် သံချပ်ကာယာဉ်ပေါ်တွင် တင်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းတိုက်ပွဲဝင်နိုင်ရန်အတွက် ရေဒါနှင့် electro-optical အာရုံခံကိရိယာများ ထည့်သွင်းအသုံးပြုထားသည်။ လက်နက်စနစ်ယာဉ်တစ်မျိုးတည်းသီးခြားရပ်တည်၍အလိုအလျောက်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည့်အပြင် အခြားလေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့်လည်း ပေါင်းစည်း၍ ကွန်ရက်ချိတ်ဆက်တိုက်ပွဲဝင်နိုင်စွမ်း ရှိမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည်သူ့တပ်မတော်၏ အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖန်တီးတည်ဆောက်နေမှုများနှင့် ကိုက်ညီသောစနစ်တစ်ခုလည်းဖြစ်သည်။

လက်နက်စနစ်၏ ပစ်ခတ်မှုထိန်းချုပ်ရေးအပိုင်းသည် ဝင်ရောက်လာမည့် ဝေဟင်ပစ်မှတ်များကို လေယာဉ်ပစ်အမြောက်နှင့် ဒုံးကျည်တို့က တစ်ပြိုင်နက်တည်း ပေါင်းစည်းတိုက်ခိုက်နိုင်စွမ်းရှိမည့် 1+1 interception တိုက်ပွဲဝင်နိုင်စွမ်းကို ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။ ဤသည်မှာ အလျင်နှုန်းနှင့် အမြင့်အမျိုးမျိုးမှ ပျံသန်းဝင်ရောက်လာနိုင်သော လေကြောင်းပစ်မှတ်မျိုးစုံအပါအဝင် စုပြုံတိုက်ခိုက်ခံရလာချိန်မျိုးတွင် တိုက်ပွဲဝင်ခံနိုင်ရည်စံနှုန်းနှင့် ထိရောက်မှုမြင့်မားစွာ တန်ပြန်လုပ်ဆောင်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ် SWS3 ဒုံး၊ အမြောက်ဒွန်တွဲ လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် ရုရှားနိုင်ငံထုတ် Pantsir-S1၊ ဂျာမနီနိုင်ငံထုတ် MANTIS နှင့် အမေရိကန်နိုင်ငံ ကြည်းတပ်သုံး M-SHORAD စနစ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အလားတူစနစ်အဖြစ် သတ်မှတ်ဖော်ပြနိုင်ဖွယ်ရှိသည်။

အဆိုပါ လက်နက်စနစ်များအားလုံးသည် အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများအတွက် လေယာဉ်ပစ်အမြောက်များနှင့် ဒုံးကျည်များပေါင်းစည်း၍ ခုခံတန်ပြန်သည့်စနစ်များပင်ဖြစ်သည်။ SWS3 စနစ်သည် စစ်ဆင်ရေးလိုအပ်ချက်များအရ တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်ကာကွယ်ရေးစက်မှုလုပ်ငန်းစွမ်းရည်များ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးနေမှုကို ထင်ဟပ်စေလျက်ရှိပြီး အသေးစား၊ အနိမ့်ပျံ၊ အလျင်နှုန်းနှေး မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကြီးထွားလာမှုအပေါ် တန်ပြန်တိုက်ခိုက်နိုင်စွမ်း မြင့်မားကောင်းမွန်စေရန် ကြိုးပမ်းအားထုတ်မှု တစ်ရပ်လည်းဖြစ်သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ သမားရိုးကျနှင့် ခေတ်သစ်လေကြောင်းစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိသော ကွန်ရက်ချိတ်ဆက်တိုက်ပွဲဝင်နိုင်မည့် ကာကွယ်ရေးစနစ်များဆီသို့ ပြောင်းလဲဖော်ဆောင်နေသည်ကိုလည်း အလေးပေးဖော်ပြလျက်ရှိကြောင်း သိရသည်။

**China develops new SWS3 gun-missile system https://defence-blog.com/china-develops-new-sws3-gun-missile-system/** ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

## NATO အုပ်စုထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များက ရုရှားနိုင်ငံထုတ် Iskander ဒုံးကျည်များကို ခုခံနိုင်စွမ်းမရှိ

ယူကရိန်းနိုင်ငံရှိ NATOအုပ်စုထုတ် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များသည် ရုရှားနိုင်ငံထုတ် Iskander ဒုံးကျည်များကို ခုခံကာကွယ်နိုင်စွမ်းမရှိကြောင်း ရုရှားနိုင်ငံပိုင် Sputnik Newsက မေ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံထုတ် Iskander ဒုံးကျည်များသည် အမေရိကန်အနောက်အုပ်စု NATO အဖွဲ့ဝင်နိုင်ငံများမှ ဝိုင်းဝန်းပံ့ပိုးပေးထားသော ယူကရိန်းနိုင်ငံရှိ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို ကျော်လွှားအနိုင်ယူ၍ လွှမ်းခြုံတိုက်ခိုက်နိုင်စွမ်းရှိကြောင်းကို ပြီးခဲ့သည့်သီတင်းပတ်အတွင်း ယူကရိန်းမြို့တော်ကီယက်ဗ်အပါအဝင် ဒုံးကျည်နှင့် ဒရုန်းပေါင်းစပ်၍ အကြီးစား လေကြောင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်က သက်သေခံလျက်ရှိကြောင်း သိရသည်။

ရန်သူများအနေဖြင့် Iskander ဒုံးကျည်များပျံသန်းနေခြင်းကို စောင့်ကြည့်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်ဘဲ ဦးတည်ရာပစ်မှတ်များ ထိခိုက်ပျက်စီးသွားသည်ထိ တုံ့ပြန်တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Rostec က ထုတ်ပြန်ခဲ့သည်။

Iskanders ဒုံးကျည်များသည် ခန့်မှန်းမရသော ပျံသန်းရာလမ်းကြောင်းများတစ်လျှောက် မြင့်မားသောအလျင်နှုန်း Mach 7 ထိ ပျံသန်းနိုင်ကြသည်။ လှုပ်ရှားစစ်ကစားပျံသန်းမှုအတွင်း ဒုံးကျည်၏ ဗဟိုချဉ်းအားသည် NATO အုပ်စုထုတ် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ တုံ့ပြန်တိုက်ခိုက်နိုင်သည့် ဗဟိုချဉ်းအားထက် မြင့်မားကောင်းမွန်နေသည့်အတွက် လက်နက်စနစ်၊ ဒုံးကျည်များထံမှ တန်ပြန်တိုက်ခိုက်နိုင်မှုများကို ရှောင်ကွင်းပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် တပ်ဆင်ထားသော Payload ထိပ်ဖူးအလေးချိန်မှာ ကီလိုဂရမ် ၄၀၀ မှ ကီလိုဂရမ် ၇၀၀ ထိရှိသည့်အပြင် ဒုံးကျည်ချဉ်းကပ်ပျံသန်းနေစဉ်ဖြစ်စေ၊ ခဲယမ်းများပေါက်ကွဲလွင့်စဉ်ထွက်ချိန်တွင်ဖြစ်စေ ထွက်ပေါ်လာသည့် ပေါက်ကွဲမှုပြင်းအားသည် ရန်သူ့ခံစစ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဖယ်ရှားသုတ်သင်ပစ်ရန် လုံလောက်သောအဖျက်စွမ်းအားပိုင်ဆိုင်ထားသည်။ ပစ်မှတ်ကို လွဲမှားနိုင်မှုမှာ ငါးမီတာမှ ခုနစ်မီတာအတွင်းရှိပြီး ပစ်မှတ်ကို တိကျစွာတိုက်ပွဲဝင်နိုင်စွမ်းမြင့်မားကောင်းမွန်သည်။ ထိုသို့သော ပဲ့ထိန်းဒုံးကျည်စနစ်မျိုး NATO အဖွဲ့ဝင်နိုင်ငံများတွင် ပိုင်ဆိုင်ထားခြင်း မရှိသေးပေ။

ယူကရိန်းနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များသည် သုံးနှစ်တာ ပဋိပက္ခများအတွင်း လက်နက်စနစ်နှင့် ခဲယမ်းပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကီယက်ဗ်မြို့တော်နှင့် အခြားမဟာဗျူဟာမြောက် အချက်အချာနေရာနှစ်ခု၊ သုံးခုခန့်သာ လွှမ်းခြုံကာကွယ်ထားနိုင်ကြောင်း ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ သုတေသီ Yuri Knutov က ပြောကြားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ရုရှားတပ်မတော်သည် ရန်သူ့ကာကွယ်ရေး၊ အုပ်ချုပ်ပံ့ပိုးပို့ဆောင်ရေးနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို နက်ရှိုင်းစွာတိုက်ခိုက်ချေမှုန်းနိုင်ရန် ဒုံးကျည်များနှင့် ဒရုန်းများကိုပေါင်းစပ်၍ Fabian မဟာဗျူဟာကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း Yuri Knutov က ပြောကြားခဲ့သည်။

Fabian မဟာဗျူဟာသည် အချိန်ဆွဲအမှည့်ခြွေမှုနှင့် သွယ်ဝိုက်သောစစ်နည်းဗျူဟာများဖြင့် ပြိုင်ဘက်ကို သုတ်သင်ချေမှုန်းရန် ကြိုးပမ်းအားထုတ်သည့်မဟာဗျူဟာဖြစ်ပြီး တိုက်ပွဲများအပြင်းအထန်ဆင်နွှဲမှုနှင့် ရှေ့တန်းထိုးစစ်များကို တမင်ရှောင်ရှားသည့် စစ်ရေးချဉ်းကပ်မှုနည်းလမ်းတစ်ခုဖြစ်သည်။ ရန်သူကို စိတ်ဓာတ်ပျက်ပြားစေမည့် နည်းဗျူဟာလည်းဖြစ်ကြောင်း သိရသည်။




**Iskanders Don't Miss: How Russia is Turning Ukraine's NATO-Made Air Defense Shield Into Swiss Cheese** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲစင်းငုံ စိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးပါမယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးသလဲထိုး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဧပြီလထဲမှာ မအူပင်မြို့နယ်ကနေ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးသလဲထိုးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူမှု များနေပါတယ်။ နောက်ထပ်လဲ မှာယူဖို့အတွက် ချိတ်ဆက်ထားတာတွေရှိပါတယ်'' ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ တင်ပို့မှုကောင်းလာသည့်အတွက် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် ဘိုကတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘိုကတော်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက ဘိုကတော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘိုကတော်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညို**






# ကျောက်ဆည်မြို့နယ် ဆားတောင်ငယ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆားတောင်ငယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်း ပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့် အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆားတောင်ငယ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**





# မြန်မာနှင့် ကုလသမဂ္ဂအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မေ ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Mr. Marcoluigi Corsi အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနှင့်ကုလသမဂ္ဂအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံစဉ်။

# စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅-၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ၂၈**

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာတို့သည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်၍ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊အမှုထမ်းများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ စက်မှုဝန်ကြီးဌာနအောက်တွင် စက်မှုသင်တန်းကျောင်းရှစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ထားပြီး သင်တန်းသုံးမျိုးဖြစ်သော စက်မှုကျွမ်းကျင်တစ်နှစ်၊ နှစ်နှစ်သင်တန်း၊ ကျွမ်းကျင်မှုအခြေပြုကာလတို သုံးလသင်တန်း၊ စက်မှုနှင့်သက်မွေးပညာရွေ့လျား နှစ်ပတ်သင်တန်းတို့ကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)က မွေးထုတ်ပေးလိုက်သည့်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများမှ သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခံရသူများကို မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများနှင့် အခြားဝန်ကြီးဌာနများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဆက်သွယ်ပြီး အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅-၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သည့် ငလျင်ကြီးကြောင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများရှိထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့်ဆုံးရှုံးသွားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ရေယာဉ်၊ လေယာဉ်၊ မီးရထားစက်ခေါင်း၊ မီးရထားတွဲ၊ စက်ကြီး၊ ယန္တရားများနှင့် စက်ပစ္စည်းများကို ဌာနပိုင်စာရင်းကပယ်ဖျက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားသော သို့မဟုတ် ပြုပြင်သုံးစွဲရန်မသင့်အဆင့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း၊ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများကို တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပြီး သို့မဟုတ် ဖျက်ဆီးပြီး ဌာနပိုင်စာရင်းက ပယ်ဖျက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်၊မော်တော်ဆိုင်ကယ်နှင့် ရုံးသုံးစက်ပစ္စည်းများ၏ ပြင်ဆင်ထိန်းသိမ်းစရိတ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း။

အဆိုပါညွှန်ကြားချက်များတွင် ပါဝင်ခြင်းမရှိသည့် အခြားစက်ပစ္စည်းများပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ဌာနအသီးသီးက မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းသဘာဝအလိုက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)များရေးဆွဲနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငလျင်ဇုန်များတွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်၍ စက်ပစ္စည်းကိရိယာများ တပ်ဆင်မည်ဆိုပါက ငလျင်ဒဏ်ခံဒီဇိုင်း၊ ငလျင်ကြောင့်ဖြစ်ပေါ်လာသည့် သက်ရောက်မှုအားများကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များက အင်အားပြင်းထန်သည့်ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဝိုင်းဝန်းအကြံပြုညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# သမဝါယမအသင်းသားတောင်သူများထံ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မျိုး၊သွင်းအားစုများပေးအပ်ပြီး လယ်ယာဝန်ဆောင်မှုသရုပ်ပြထွန်ယက်စိုက်ပျိုးခြင်း ကြည့်ရှုအားပေး




**နေပြည်တော် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာရောင်းချသည့် ကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် မျိုး၊မြေဩဇာ သွင်းအားစုပေးအပ်ခြင်း၊ သမဝါယမ လယ်ယာဝန်ဆောင်မှုသရုပ်ပြခြင်းနှင့်စုပေါင်းထွန်ယက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရုံးပင်ဇောင်းကျေးရွာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစု အချိန်မီရရှိရေးတို့အတွက် လယ်ယာဝန်ဆောင်မှုချိတ်ဆက်ခြင်းအခမ်းအနားများဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နေပြည်တော်အပါအဝင် မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ဧရာဝတီတိုင်းဒေသကြီးများ၌လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ထွန်စက်ရောင်းချသည့်ကုမ္ပဏီများနှင့် ချိတ်ဆက်၍ လယ်ယာသုံးစက်ကိရိယာ ၅၈ စီးကို သမဝါယမအသင်းသားတောင်သူများအတွက် ရောင်းချပေးခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများအနေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၃၂ မြို့နယ်၊ သမဝါယမအသင်း ၁၆၂ သင်းမှ အသင်းသားများသို့ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီးနှင့် အခြားစက် ၆၄ စီး၊ စုစုပေါင်းစက် အစီး ၆၃၀ ဖြင့် ထွန်ယက်ဧက ၃၈၅၀၂၀ ဒသမ ၆၇ ဧကနှင့် ရိတ်၊ ခြွေဧက ၆၇၉၄၈ ဒသမ ၈၅ ဧကတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နေပြည်တော်တွင် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်စက်ကိရိယာများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ စက်ကိရိယာ ၃၄ စီးတို့ဖြင့် ထွန်ယက်ဧက ၁၉၁၈၇ ဧကနှင့် ရိတ်၊ ခြွေဧက ၅၅၉၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စီမံကိန်းသီးနှံများစိုက်ပျိုးမည့် အသင်းသားတောင်သူများအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်များက ဦးဆောင်ပြီး အထွက်နှုန်းကောင်းသည့် မျိုး၊ သွင်းအားစုများကို စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းထွန်ယက်ခြင်း၊ အချိန်မီစုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းစသည့် နည်းလမ်းများနှင့် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စုပေါင်းရောင်းချခြင်းကိုလည်း အတူတကွလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးထောက်ပံ့ပေးနိုင်မှု၊ နည်းပညာပံ့ပိုးပေးနိုင်မှု၊ မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်မှုအခြေအနေများကို ပြောကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လယ်ယာဝန်ဆောင်မှု လုပ်ငန်းများအား သမဝါယမအသင်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဘဏ်အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို လည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက လယ်ယာဝန်ဆောင် ထွန်ယက်စိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမအသင်းသားတောင်သူများ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က သမဝါယမအသင်းသားတောင်သူများ၏လယ်မြေဧက ၁၀၀၀၀ ကျော်အတွက် ငွေကျပ်သန်း ၂၂၈၀ တန်ဖိုးရှိ အစေ့ချစက်၊စပါးမျိုးစေ့၊ဝါမျိုးစေ့နှင့်သွင်းအားစုများ ပေးအပ်ကာ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အစေ့ချစက်များကိုလည်းကောင်း၊ တောင်သူများနှင့် ချိတ်ဆက်ရောင်းချပေးနေမှုအခြေအနေကိုလည်းကောင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှု ထွန်ယက်သရုပ်ပြသနေမှုကိုလည်းကောင်းကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေမွေးထုတ်ပေးကြရမည်ဖြစ်ပြီး ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်




**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်ကောင်းများကိုမဖြစ်မနေမွေးထုတ်ပေးကြရမည်ဖြစ်ပြီး ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်ကြောင်း၊မိမိတပည့်များကို စာတတ်စေရန်၊ လိမ္မာယဉ်ကျေးမှုရှိစေရန်၊ စည်းကမ်းရှိစေရန်၊ နိုင်ငံတော်ကိုချစ်မြတ်နိုးစေရန် ပျိုးထောင်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေးကင်းရှင်းကြရန်နှင့်ပါတီနိုင်ငံရေးကင်းရှင်းသည့် စီမံအုပ်ချုပ်ရေးဖြစ်ရန် လိုအပ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်နှင့် ဆရာ၊ ဆရာမ ဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ ပညာရေးအရည်အသွေးဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေးနှင့်တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ်ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာ၊ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းမှန်ကန်မှုအရည်အသွေးများမြှင့်တင်ပေးမည့်နည်းလမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းနေနှုန်းမြင့်မားရေး၊ ပညာရေးဆိုင်ရာ စာရင်းဒေတာ၊ အချက်အလက်များ စနစ်တကျစီမံဆောင်ရွက်ရေး၊ နွေးထွေးစွာဆက်ဆံရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဦးစီးဌာနများ၊တက္ကသိုလ်များ၊အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ယာယီစာသင်ကျောင်းဆောင် (Prefabricated School) လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၂၈**

မန္တလေး ငလျင်ဘေးသင့်ဒေသများအတွက် AHA Centre မှတစ်ဆင့် အလှူရှင်နိုင်ငံများကလှူဒါန်းထားသော အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated Schools) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန်လ ပထမပတ်အတွင်း ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကလေးများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် AHA Centre ၏ ညှိနှိုင်းပေါင်းစပ်ပေးမှုဖြင့် အလှူရှင်နိုင်ငံများက လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင် အဆောင် ၂၀ ကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်ငါးဆောင်စီ တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ယာယီစာသင်ကျောင်းဆောင်လွှဲပြောင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming က ယာယီ စာသင်ကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

မိမိတို့အဖွဲ့ချုပ်အလိုက် အားကစားသမားများ ဆက်လက်စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ၊ အားကစားလေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ သယ်ယူနိုင်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးရုံနှင့် လေ့ကျင့်ရေးကွင်း အဆင်ပြေစေရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့်တာဝန်ရှိသူများက တင်ပြဆွေးနွေးမှုများအပေါ် ထပ်မံဖြည့်စွက်ဆွေးနွေး၍ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ထွက်ခွာပြီး ယနေ့ပွဲစဉ်များအဖြစ် မီတာ ၅၀၀ ပြိုင်ပွဲတွင် အမျိုးသား ၁၀ တက်လှေပြိုင်ပွဲ၊ အမျိုးသမီး ၁၀တက်လှေပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၁၀ တက် လှေပြိုင်ပွဲနှင့် အမျိုးသားအမျိုးသမီး တက်၂၀ လှေပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဟန်ဝင်းအောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာခင်သီတာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်မေ ၂၈ ရက်(**ယနေ့**)(ကြာသပတေးနေ့)တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဒုတိယအကြိမ်အဖြစ် ဆက်လက်လက်ခံသွားမည်ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆောလျင်စွာ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဒေါ်လှဲ့လှဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉- ၂၀၂၁၄၉၁

(၂) ဦးညီညီနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၅၀၅၂၃၅၂

(၃) ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး
ဖုန်းနံပါတ် ၀၉-၄၃၀၅၄၈၄၄
ရုံးဖုန်း ၀၆၇ -၄၀၄၇၀၂ ၊ ၀၆၇-၄၀၄၇၀၁၊ ၀၆၇-၄၀၄၇၁၀

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့( MNTT)တို့ ပူးပေါင်း၍ **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** သုံးသပ်ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို မေ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MRTV Sports၊ MRTV Farmers'၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety-HD Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္ဒဝတီ FM နှင့် ရွှေ FM တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ Myanmar Narrative Facebook Page နှင့် Telegram၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှ လည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက် (Live)ပြသမှုနှင့်အတူ MOI Website, Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV App, MRTV Telegram, Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့်ဆေးဝါးများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၂၈**

Huawei Technologies Co., Ltd မှ Chief Executive Officerဖြစ်သူ Mr. Zhao You Jun နှင့် တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများအပါအဝင် စုစုပေါင်း ပစ္စည်း ၁၁ မျိုးကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ငလျင်ဒဏ်ခံကြရသူများဖြစ်ကြောင်းနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက်လိုအပ်လျက်ရှိသော ယာယီတဲများ၊ ခြင်ထောင်များ၊ ဆေးဝါးများ၊ ရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက Huawei Technologies Co., Ltd က ပေးအပ်လှူဒါန်းသောထောက်ပံ့ရေးပစ္စည်းများကို လက်ခံရယူပြီး ကုမ္ပဏီ၏ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရာဂိမုန်တိုင်းကြောင့် ပျက်စီးသွားသော ကျောင်းဆောင်သစ်အား အသစ်ပြန်လည်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ်လွှဲပြောင်း လက်ခံခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၈**

ယမန်နှစ်ကရာဂိမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အလက(ခွဲ) မြင်းဒိုက်ကျောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်ပြည်ပစေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ပေ ၉၀x ပေ ၃၀x ၁၂ ပေ RCC တစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ၂၈ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါတွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံခြင်းနှင့် ကမ္ပည်းမော်ကွန်းရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် အလက(ခွဲ) မြင်းဒိုက်ကျောင်း သာစည်မြို့နယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊အလက(ခွဲ) မြင်းဒိုက်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူများနှင့် ကျောင်းဆောက်လုပ်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အဆိုပါကျောင်းနှင့်ဆက်စပ် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီး၌ ဘုရားစေတီပုထိုးများ ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီး၌ ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ရှေ့ဖုံးမှအဆက်**

လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ၊ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံး၌ Sky Villa အဆောက်အအုံအပျက်အစီးများကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိခဲ့သော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့်ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျ အပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုများနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုနှင့် ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် တိုးချဲ့(၄)ရပ်ရှိ တြိရတနာ မဟာအောင်မြေမြတ်စွာဘုရား ခြောက်ဆူကုန်းတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော စေတီပုထိုးများနှင့် ဘုရားပရိဝုဏ်အတွင်းရှိ ရှေးဟောင်းအုတ်ကျောင်းတော်ကြီးတို့၌ တပ်မတော်သားများက ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော်ပြာအိုးအုတ်ဂူ၊ ဝါးတန်းမြောက်အရပ်ရှိ သက်တော်ရ သက်တော်ရှည်မြတ်စွာဘုရား၊ မှန်တန်းရပ်ရှိ ပင်မပတ္တမြားရိပ်သာနှင့် မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြုရာတွင် Orienyal Highway Company နှင့် မြန်မာပြည်ဖွားတရုတ်ဟုတ်ကြန့်မျိုးနွယ်များက ပူးပေါင်းရှင်းလင်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်မပတ္တမြားရိပ်သာဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် စဉ့်ကိုင်မြို့နယ်ရှိ မြစိမ်းရောင်ခန်းမ၌ ဒေသခံပြည်သူများကို ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများဆောက်လုပ်နိုင်ရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေး၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေသံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်ပြီး စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(အိုးထိန်းတောင်) ကျောင်းဝင်းအတွင်းနှင့် စိတ္တရကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (စိတ္တရ) ကျောင်းဝင်းအတွင်းတို့၌ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။


ထို့နောက် စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးဝင်းအတွင်းရှိ Modular Container House များဖြင့် ယာယီရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့်ရုံးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော်ပြာအိုးအုတ်ဂူ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် မြစိမ်းရောင်ခန်းမ၌ ဒေသခံပြည်သူများကို ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။




**နေရာကွက်၍ မိုးကြီးနိုင်မှုအဆက်**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၃ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# နမ့်စန်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး မုခ်ဦးနှင့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးမုခ်ဦးနှင့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းအပ်နှံရေးနေ့ကို ကျောင်းရှိသရဖီဆောင်ခန်းမ၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးလွယ်အိတ်များကိုလည်းကောင်း၊ ကျောင်းရန်ပုံငွေအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြမည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# လှည်းကူးမြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူဦးရေ ၆၀ တို့ကို အဆိုပါကျေးရွာရှိ မင်္ဂလာဇေယျာကျောင်းတိုက်၌လည်းကောင်း၊ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၆၃ ဦးတို့ကို အဆိုပါ ရပ်ကွက်ရှိ အောင်တော်မူကျောင်းတိုက်၌လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့်ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်နှင့် ဒလတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်လျှော်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၈ ရက်ထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Parami Group က လှူဒါန်းသည့် ဆေးပစ္စည်း (အလေးချိန် သုည ဒသမ ၁၅၀ တန်)ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း လျှော်ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားခုနစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားခုနစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား လေးဦး၊ ဘူရွန်ဒီနိုင်ငံသား သုံးဦး စုစုပေါင်း ခုနစ်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ပြည်ပနိုင်ငံသားများကိုပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Ambassador Mr. Lindsay Kiptiness 'ndc'(K) နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၆၉၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၀၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်ကကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်မှ ၂၅ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၀ ဒသမ ၃၇၀၆ တန်၊ သစ်မာ ၂၃ ဒသမ ၁၄၁၈ တန်၊ အခြား ၃၇ ဒသမ ၆၉၇၆ တန်၊ စုစုပေါင်း ၇၁ ဒသမ ၂၁၀၀ တန်၊ ယာဉ်၊ ယန္တရားခြောက်စီး၊ တရားခံ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း



ထီးရွက်အောက်ပါးဟက်များဖြူခြင်း မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ်မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ


## ၂၀၂၅ ခုနှစ် မေ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် နေ့အပူချိန်များ

၂၈ - ၅ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကန့်ဘလူ | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# PLA ၏ လေကြောင်းတိုက်ပွဲဝင်အသင့်ဖြစ်မှုကိုပြသခဲ့သော တရုတ်-အီဂျစ်ပူးတွဲစစ်ရေးလေ့ကျင့်မှု

တရုတ်နှင့် အီဂျစ်တို့သည် ၂၀၂၅ ခုနှစ် ဧပြီ ၁၉ ရက်မှ မေ ၄ ရက်ထိ သိမ်းငှက်များအဖွဲ့ ၂၀၂၅ (Eagles of Civilization 2025) ကို ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) သည် အာဖရိကရှိ တရုတ်နိုင်ငံ၏ အဓိကကျသော မဟာဗျူဟာမြောက်မိတ်ဖက်လေတပ်များအနက်မှ လေတပ်တစ်ခုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် အီဂျစ်နိုင်ငံသို့ တပ်ဆွယ်တစ်ခုစေလွှတ်ဖြန့်ကြက်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် တရုတ်နှင့်အီဂျစ်တပ်မတော်တို့ကြား ပထမဆုံးပြုလုပ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၎င်းစစ်ရေးလေ့ကျင့်မှု၌ လေကြောင်းပိုင်နက်စီမံခန့်ခွဲမှု၊ လေကြောင်းစစ်ဆင်ရေးစီမံခန့်ခွဲမှု၊ ထိရောက်သော အမိန့်ပေးကွပ်ကဲမှု၊ သီအိုရီပိုင်းဆိုင်ရာညွှန်ကြားမှု၊ လက်တွေ့သင်ခန်းစာများ၊ ပူးတွဲပျံသန်းမှု၊ အခြေခံကျသောလှုပ်ရှားစစ်ကစားမှု၊ လေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှု၊ ပူးတွဲလေကြောင်းတိုက်ခိုက်မှုများ၊ ဝေဟင်ဆီဖြည့်မှု၊ လေကြောင်းအထောက်အကူပြုမှု၊ စစ်မြေပြင်ရှာဖွေကယ်ဆယ်မှု၊ ပေါင်းစပ်စစ်ဆင်မှုနှင့် နည်းဗျူဟာမြောက်ရင်ဆိုင်တိုက်ခိုက်မှုတို့ပါဝင်သည်။ ရက်သတ္တနှစ်ပတ်ကြာပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှု၌ နှစ်ဖက်စလုံးမှ ပါဝင်ခဲ့သောတပ်ဖွဲ့များသည် လေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်ခြင်း၊ ဝေဟင်ဆီဖြည့်ခြင်း၊ လေကြောင်းအထောက်အကူပြု၊ စစ်မြေပြင်ရှာဖွေကယ်ဆယ်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အသိပညာဗဟုသုတများမျှဝေခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ ကျွမ်းကျင်မှုများ မျှဝေခြင်းကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် တပ်ဆွယ်၌ Y-20 သယ်ယူပို့ဆောင်ရေးလေယာဉ် လေးစင်း၊ YY-20 ဝေဟင်ဆီဖြည့်လေယာဉ် တစ်စင်း၊ အထူးသဖြင့် အနောက်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ J-10C ဂျက်တိုက်လေယာဉ်နှစ်စင်း၊ J0-10S လေ့ကျင့်ရေးလေယာဉ်များ၊ KJ-500 ကြိုတင်သတိပေးလေယာဉ် တစ်စင်းနှင့် အထောက်အကူပြုရဟတ်ယာဉ် တစ်စင်းတို့ပါဝင်သည်။ J-10C ဂျက်တိုက်လေယာဉ်၏ အီလက်ထရွန်နစ် အထောက်အကူပြုပုံရိပ်ဖော်ရေဒါ၊ WS-10B တာဘိုအင်ဂျင်နှင့် PL-15 ဝေဟင်မှဝေဟင်ပစ် တာဝေးပစ်ဒုံးကျည်တို့သည် သဲကန္တာရအခြေအနေများတွင် မှီခိုအားထားရနိုင်ကြောင်း တရုတ်သတင်းမီဒီယာများက ဖော်ပြသွားခဲ့သည်။

အီဂျစ်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှု၌ ရုရှားနိုင်ငံထုတ် MiG-29 ဂျက်တိုက်လေယာဉ်များကို တပ်ဖြန့်ချထားခဲ့သည်။ သို့သော် အမေရိကန်မှ ဝယ်ယူထားသော F-16 တိုက်လေယာဉ်များပါဝင်သည်ဆိုသော သတင်းအချက်အလက် မရရှိခဲ့ပေ။ အမေရိကန်အနေဖြင့် အီဂျစ်နိုင်ငံကို AIM-120 ဒုံးကျည်များ ပံ့ပိုးပေးခြင်းမရှိသဖြင့် F-16 လေယာဉ်အုပ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ကန့်သတ်ချက်ဖြစ်ပေါ်စေလျက်ရှိသည်။ ဝေဟင်တာဝန်ထမ်းဆောင်မှု၌ အီဂျစ်နိုင်ငံရှိ F-16 တိုက်လေယာဉ်များသည် MiG-29 ဂျက်တိုက်လေယာဉ်များထက် စွမ်းဆောင်ရည် အားနည်းလျက်ရှိသည်။ ၎င်းလေယာဉ်များ၌ R-77 ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များတပ်ဆင်ထားရှိသည်။ ထိုသို့ အမေရိကန်၏ ကန့်သတ်ချက်များကြောင့် အီဂျစ်နိုင်ငံသည် မကြာမီနှစ်များအတွင်း ပြင်သစ်နိုင်ငံမှ Rafale ဂျက်တိုက်လေယာဉ်များဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်အီဂျစ်တို့ကြား ပြုလုပ်ခဲ့သည့် Eagles of Civilization 2025 ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်နှင့်ပါကစ္စတန်ကြား ပြုလုပ်ခဲ့သည့် Shaheen ပူးတွဲလေတပ်နှင့် ရေတပ်စစ်ရေးလေ့ကျင့်မှုများနှင့် ပမာဏတူညီသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများ၌ နှစ်နိုင်ငံသည် လေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှုများအတွက် ဂျက်တိုက်လေယာဉ်များနှင့် လေကြောင်းချီကြိုတင်သတိပေးလေယာဉ်များ တပ်ဖြန့်ချထားသည်။ သို့သော် မတူကွဲပြားသည့်အချက်မှာ တရုတ်နှင့် ပါကစ္စတန်တို့သည် တပ်ဖွဲ့များကို ကုန်းလမ်းကြောင်းမှ ပို့ဆောင်နိုင်သော်လည်း တရုတ်နှင့်အီဂျစ်သည် ကီလိုမီတာ ၅၀၀၀ ကျော် ကွာဝေးလျက်ရှိသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်လေတပ် တပ်ဆွယ်သည် ရှင်ကျန်းမှ ပါကစ္စတန်သို့ ဖြတ်သန်းပြီးနောက် အာရေးဗီးယားပင်လယ်ကို




လေကြောင်းဖြင့်သွားရသည်။ ပါကစ္စတန်၊ အီရန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျ ဝေဟင်ပိုင်နက်များကိုဖြတ်သန်းကာ အီဂျစ်နိုင်ငံသို့ ရောက်ရှိသည်။ ထိုသို့ပျံသန်းရာ၌ ဂျက်တိုက်လေယာဉ်များနှင့် လေ့ကျင့်ရေးလေယာဉ်များပါရှိပြီး ၎င်းလေယာဉ်များကို အရပ်ဘက်ပျံသန်းမှုခြေရာခံကိရိယာများနှင့် ထောက်လှမ်းခြေရာခံနိုင်စွမ်းရှိမည်မဟုတ်ချေ။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA)သည် အမေရိကန်လေတပ်၏ ရုတ်ခြည်းတပ်ဖြန့်မှု စစ်ဆင်ရေး Rapid Raptorကို အားကျလျက်ရှိသည်။ ၎င်းစစ်ဆင်ရေးသည် C-17 ပို့ဆောင်ရေးလေယာဉ်၏ အထောက်အကူဖြင့် ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာသို့မဆို ၂၄ နာရီအတွင်း F-22 ကိုယ်ပျောက်တိုက်လေယာဉ် လေးစင်းတပ်ဖြန့်ချထားနိုင်သည်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်သည် ထိုးစစ်နှင့် ခံစစ်အပြုအမူနှစ်မျိုးစလုံးရှိသည့် ပေါင်းစပ်လေကြောင်းနှင့် အာကာသစွမ်းဆောင်ရည်များကို ကာလရှည်ကြာ အလေးထားလုပ်ဆောင်လျက်ရှိသော်လည်း တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် ဝေဟင်စွမ်းဆောင်ရည်များသည် အမေရိကန်ကို အမီလိုက်နိုင်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ပြီးခဲ့သောနှစ်များအတွင်း အီဂျစ်အပြင် အခြားသော ပြည်ပနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ ပြည်တွင်း၌လည်း စစ်ရေးလေ့ကျင့်မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့သည်။

ဝေဟင်တိုက်ခိုက်မှုကို အလေးထားသည့်တရုတ်နှင့် ထိုင်းနိုင်ငံကြားပြုလုပ်သော Falcon Strike စစ်ရေးလေ့ကျင့်မှုများနှင့်နှိုင်းယှဉ်လျှင် တရုတ်နှင့် အီဂျစ်နိုင်ငံကြားပြုလုပ်သည့် Eagles of Civilization 2025 ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ပေါင်းစပ်မှုစွမ်းဆောင်ရည်များတိုးတက်မှုကို ပြသနေခြင်းဖြစ်သည်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်လေတပ်သည် ဂျက်တိုက်လေယာဉ်များအပြင် ပို့ဆောင်ရေးလေယာဉ်၊ ကြိုတင်သတိပေးလေယာဉ်နှင့် ဝေဟင်ဆီဖြည့်လေယာဉ်များလည်း ပါဝင်သောကြောင့် ပေါင်းစပ်မှုဖော်ဆောင်နိုင်သည့် စနစ် အထောက်အကူပြုစစ်ဆင်ရေးများကို ထူထောင်နိုင်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို ပြည်တွင်း၌ သုတေသနပြုတည်ဆောက်ထားသည့် BeiDou ဂြိုဟ်တုလမ်းကြောင်းရှာစနစ်ဖြင့် စစ်ရေးလေ့ကျင့်မှုကိုအားဖြည့်ထားရှိသည်။ ၎င်းဂြိုဟ်တုသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်ကို ကမ္ဘာတစ်ဝန်း တိုက်ခိုက်နိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက် လေတပ်တစ်ခုအဖြစ် စွမ်းဆောင်ရည်မြင့်မားစေမည်ဖြစ်သည်။

ထိုသို့ စွမ်းဆောင်နိုင်ခြင်းသည် ပြည်ပနိုင်ငံများတွင် တိုးချဲ့တပ်ဖြန့်ချထားမည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ထိရောက်မှုရှိသော ကြိုးပမ်းမှုများနှင့် ဆက်နွှယ်လျက်ရှိသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိဆိပ်ကမ်းများကို တရုတ်နိုင်ငံ၏ဝယ်ယူမှုသည် ယခင်က ချမှတ်ခဲ့သော ပုလဲသွယ်မဟာဗျူဟာနှင့် ဆက်နွှယ်လျက်ရှိကြောင်း ပြင်ပလေ့လာသုံးသပ်သူများက ကောက်ချက်ချလျက်ရှိသည်။ စစ်ဘက်ဆိုင်ရာ လေယာဉ်ကွင်းများသည် နည်းလမ်းနှစ်သွယ်အသုံးပြုနိုင်သည့် မဟာဗျူဟာအတွက် ရည်မှန်းဆောင်ရွက်နေကြောင်းကို မကြာသေးမီကလုပ်ဆောင်ခဲ့မှုများက ရည်ညွှန်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် အာဏာဖြန့်ကြက်ရေးအတွက် ပြည်ပလေတပ်အခြေစိုက်စခန်းများသို့ ဝင်ထွက်သွားလာနိုင်ရန် အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီမှုလက်မှတ်ရေးထိုးနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် နီးစပ်သော စစ်ရေးပူးပေါင်းမှုအမှတ်သင်္ကေတအနေဖြင့် အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံ၏ HQ-9Bလေကြောင်းရန်ကာကွယ်ရေးစနစ်ဝယ်ယူထားကြောင်း အတည်ပြုထားသောကြောင့် ဒေသတွင်းအစ္စရေး၏လေကြောင်းလွှမ်းမိုးမှုကို တိုက်ရိုက်သက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထိုသို့ ဝယ်ယူမှုသည် တရုတ်နိုင်ငံ၏ လက်နက်ရောင်းချမှု သံခင်းတမန်ခင်း ထိုးဖောက်ဆောင်ရွက်မှုအမှတ်သင်္ကေတဖြစ်ပြီး ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပြီးနောက် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးပစ္စည်းဈေးကွက်၌ ထိုးဖောက်မှုတိုးချဲ့ရန် ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။

မကြာမီအနာဂတ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အီဂျစ်သို့HQ-9B စနစ်များ ပို့ဆောင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အသုံးပြုသွားဖွယ်ရာရှိသည်။ အလားတူ ဥရောပဒေသရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော ဆားဘီးယားနိုင်ငံသို့လည်း HQ-22 လေကြောင်းရန်ကာကွယ်ရေးစနစ်များ တင်ပို့ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသသို့ သယ်ယူပို့ဆောင်ရေးလေယာဉ်ပျံသန်းခြင်းသည် ပို့ဆောင်ရေးမစ်ရှင်ထမ်းဆောင်ခြင်း၊ သို့မဟုတ် ဂျက်တိုက်လေယာဉ်များ အစောင့်လိုက်ပါရန် လိုအပ်သော အခြားစစ်ဆင်ရေးများ လုပ်ဆောင်သလားဆိုသော အချက်ကို ဆုံးဖြတ်ရန်ခက်ခဲလျက်ရှိသည်။ ဆက်သွယ်ရေးသတင်းအချက်အလက်များသည် သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် ဝေဟင်ဆီဖြည့်လေယာဉ်များကြား မတူကွဲပြားမှုကို ခွဲခြားနိုင်စွမ်းမရှိပေ။ ထို့ကြောင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်အနေဖြင့် ခြိမ်းခြောက်မှုမရှိသော စစ်ဆင်ရေးဖြင့် တပ်ဖွဲ့များရွှေ့ပြောင်းနိုင်ကြောင်းကို တရုတ်(တိုင်ပေ)အနေဖြင့် သတိထားသွားရန်လိုအပ်သည်။

ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ရုရှားနိုင်ငံထုတ်ကာကွယ်ရေးပစ္စည်းများ၏ ဈေးကွက်သည် သိသိသာသာကျဆင်းလာခဲ့သည်။ အလားတူ အမေရိကန်ထုတ်လက်နက်များကလည်း ဈေးနှုန်းအဆမတန်ကြီးမားလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံထုတ် စစ်လက်နက်များသည် ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်လာလျက်ရှိသည်။

Eagles of Civilization 2025 စစ်ရေးလေ့ကျင့်မှုကာလအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) သည် နိုင်ငံတကာဝယ်လက်များဆွဲဆောင်နိုင်ရေးအတွက် တရုတ်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများ၏ စွမ်းဆောင်ရည်များကိုပြသရန် အီဂျစ်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အကျိုးရှိစွာအသုံးချခဲ့သည်။ တရုတ်နိုင်ငံသည် ကြိုတင်သတိပေးလေယာဉ်နှင့် ဂျက်တိုက်လေယာဉ်များကို အီဂျစ်လေတပ်သို့ ရောင်းချသွားရန် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံ၏ အလေ့အထသည် မျိုးဆက်သစ်စစ်လက်နက်ပစ္စည်းများကို တစ်မျိုးပြီးတစ်မျိုးထုတ်လုပ်လျက်ရှိသော်လည်း ပြည်တွင်း၌ အသုံးပြုလျက်ရှိသော နောက်ဆုံးမျိုးဆက်ကို ပြည်ပသို့ တင်ပို့ရောင်းချလေ့မရှိပေ။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကြိုတင်သတိပေးလေယာဉ်နှင့် ဂျက်တိုက်လေယာဉ်တို့ကို ထုတ်ဖော်ပြသလျက်ရှိသဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မျိုးဆက်သစ်တိုက်လေယာဉ်များကို တည်ဆောက်ပြီးနေပြီလားဆိုသော မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ အထူးသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပွဲထုတ်ခဲ့သော ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ဆက်လက်ထွက်ပေါ်လာမလားဆိုသည်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **What a China– Egypt Military Training Reveals About the PLA's Air Com bat Readiness by The Diplomat.**

**ဝင်းဇင်(သုတေသန)**

ဝတ္ထုတိုကဏ္ဍ

# ဝင့်ကြွေးကြမ္မာ မလွတ်သာ

ကိုရွှေတောသား(ဆင်ကူး)



(၁)

''သိန်းအေးရေ သားပြန်ရောက်နေပြီ မဟုတ်လား၊ လာပါအုံးကွာ အဖေ့အနားကို'' ကျောင်းက ပြန်ရောက်နေပြီဖြစ်သော်လည်း သားဖြစ်သူက မကြားချင်ယောင်ဆောင်၍ ငြိမ်နေသည်။ ဦးသိန်းမောင်က မျက်မမြင်ဒုက္ခိတတစ်ဦးဖြစ်သည်။ အိမ်ထဲက ခေါ်နေသည့် ဖခင်ဖြစ်သူအနားသို့ သားဖြစ်သူက မသွားလိုပေ။ ကလေးသဘာဝ ဆော့ကစားဖို့ရန်သာ အာရုံရောက်နေသည်။

''ဂလုန်း ခွပ်''

''အား နာလိုက်တာ''

''ဟယ် အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲ ဒုက္ခတွေ ရောက်ကုန်တော့မှာပဲ ''အိမ်ထဲတွင် ဆေးလိပ်ခွက်နှင့် ဆေးလိပ်တိုများ တစ်စစီပြန့်ကြဲကာ ဦးသိန်းမောင် လဲကျနေသည်ကို ဒေါ်သက်တင် မြင်သွားသည်။ အစ်ကိုဖြစ်သူအနားသို့ပြေးလာကာ ဆွဲထူပေးသည်။ ဦးသိန်းမောင်၏ ခြေထောက်တစ်ဖက်မှာ ဒဏ်ရာ ရသွားသည်။

''အစ်ကိုကြီးရယ် ခိုင်းစရာရှိရင် ညီမလေးကို လှမ်းခေါ်မှပေါ့။ အခုတော့ ဒဏ်ရာတွေရကုန်ပြီ ။ ခုလဲ အစ်ကိုကြီးခေါ်သံကြားကြားချင်း ညီမလေး လာမိလို့ပေါ့'' ပေါက်ပြဲသွားသည့်ဒဏ်ရာကို ကြည့်ရင်း ဒေါ်သက်တင်က ပြောသည်။

''ခေါ်မလို့ပါပဲ ဒါပေမဲ့ ခဏခဏခေါ်နေရတာ ကြာလာတော့ ညီမလေးကိုအားနာလို့ပါ''

''ဟဲ့ သိန်းအေး၊ ဟယ်ဒီကောင်လေး စောစောက တွေ့လိုက်ပါတယ်''

အားလုံးကိုသိမြင်နေကာ ကြားနေရပေမယ့် သိန်းအေးလည်း ကိုယ့်ကိုယ်ကိုယ်အပြစ်ရှိသည်ဟု ခံစားရသည့်အတွက် ငြိမ်နေမိခြင်းဖြစ်သည်။ အဒေါ်ဖြစ်သူ၏ ခေါ်သံကြောင့် ကြောက်ဆုတ် ကြောက်ဆုတ်ကလေး ထွက်လာသည်။

''ဟင် အဖေ ဘာဖြစ်သွားတာလဲဟင် ''မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

''ဒီမှာသားအဖေခြေထောက်ဒဏ်ရာရသွားတယ်''

''ဗျာ''

''အေး ဗျာမနေနဲ့ ဒါနဲ့ စောစောက သားအဖေ သားကိုခေါ်နေတာ မဟုတ်ဘူးလား အဒေါ်ကြားလိုက်ပါတယ်''

''ဗျာ... သား မကြားလိုက်ဘူး'' အဆူခံရမှာကြောက်၍ လိမ်ညာပြီးပြောလိုက်ခြင်းဖြစ်သည်။ ပြန့်ကြဲကျနေသည့် ဆေးလိပ်တိုများနှင့်အမှိုက်ပြာစများကို သန့်ရှင်းရေးလုပ်လိုက်သည်။ အဖေဖြစ်သူ၏ မျက်နှာကိုအကဲခတ်ပြီးကြည့်လိုက်သည်။ အဖေဖြစ်သူ၏ မျက်နှာတွင် ဝမ်းနည်းမှုအရိပ်အယောင်များ မြင်နေရသည်။

(၂)

''ညီမလေးရယ် ငါလဲဒီဒုက္ခကြီးကို မြန်မြန်ကုန်ချင်ပါပြီဟာ။ နေရတာ နဲနဲလေးမှ အဆင်မပြေနေပါဘူး။ သြော်... ရှေးလူကြီးပြောတာ သိပ်မှန်တာပဲ မျက်စိအဆုံးနားအရှုံးတဲ့'' ဦးသိန်းမောင်က သူ့ကိုယ်သူ အားမလိုအားမရပြောသည်။

''ဒါလဲငါ့ရဲ့ ဝဋ်ကြွေးတွေပဲဖြစ်မှာပါ ညီမလေးရယ်''

''အစ်ကိုကြီးရယ် စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့ ကိုယ့်ကျန်းမာရေးကိုသာ ကိုယ်ဂရုစိုက်ပါ၊ အခုအစ်ကိုကြီး ဘာအဆင်မပြေတာရှိလို့လဲ၊ မြသက်တို့ အေးသက်တို့လို သမီးအလိမ္မာလေးတွေ ရှိနေတာပဲဟာကို'' ဒေါ်သက်တင်က အစ်ကိုဖြစ်သူကို အားပေးနှစ်သိမ့်လေသည်။

ဦးသိန်းမောင်၌ မြသက်၊အေးသက်နှင့် သိန်းအေးဟူသည့် သားသမီးသုံးယောက်ရှိသည်။ မြသက်နှင့် အေးသက်တို့ညီအစ်မနှစ်ယောက်သည် လိမ္မာကြ၏။ ကိုယ်စီအလုပ်တာဝန်များ မအားလပ်ကြသည့်ကြားကပင် ဖခင်ဖြစ်သူအပေါ် ဂရုစိုက်မှုမပျက်ကွက်ခဲ့ပေ။ လိုချင်ရာ၊ စားချင်ရာမှန်သမျှ လိုလေသေးမရှိ စီစဉ်ပေးကြသည်။ သို့သော် သိန်းအေးဆိုသော သားယောကျ်ားလေးသည် နည်းနည်းဆိုးချင်သည်။ ဖခင်ဖြစ်သူအပေါ် တစ်ခါတလေ မသိကျိုးကျွန်ပြုတတ်သည်။

''ဝဋ်ကြွေး ဝဋ်ကြွေး၊ တယ်လဲကြောက်စရာကောင်းတာပါပဲလား ''

(၃)

'' ပျားဖွပ်၊ သားထိုး၊ မယားခိုးတဲ့ ဒီအလုပ်တွေဟာ ဘုရားမကြိုက်၊ တရားမထိုက်တဲ့အလုပ်တဲ့ အကုသိုလ်အင်မတန်များတဲ့ အလုပ်တွေပဲဟ ညီမလေးရ၊ ဒီအလုပ်တွေက ကောင်းစားလဲခဏပဲ။ ဘယ်တော့မှ ကြာကြာအဆင်ပြေမနေဘူး။ သိပ်ပြီး အကုသိုလ်ကြီးတာ''

''အစ်ကိုကြီးရယ်...''အစ်ကိုဖြစ်သူစကားကြောင့် ဒေါ်သက်တင်ရင်ထဲလည်း စို့နင့်ကြေကွဲရလေသည်။ အစ်ကိုဖြစ်သူအတွက်တွေးမိတိုင်း ရင်မောရလေသည်။

'' သားကျွေးမှု မယားကျွေးမှုလဲ သမ္မာအာဇီဝ ကျကျပဲ လုပ်ကိုင်ရှာဖွေပြီး ကျွေးသင့်တာပါပဲ။ ဒါပေမဲ့၊ ငါ့ဝမ်းပူဆာမနေသာ ဆိုသလို တို့လူသားတွေဟာ ဖြစ်သလိုတွေးပြီး ကြုံသလိုလုပ်ကိုင်စားသောက်တတ်ကြတာမဟုတ်လား ''

''ဟုတ်တာပေါ့ အစ်ကိုကြီးရယ်''

''အေး အဲဒီလို ကိုယ့်ဝမ်းရေးအတွက်ရှာဖွေစားသောက်တဲ့နေရာမှာ သမ္မာအာဇီဝမကျပဲ အကုသိုလ်ကံ မလွတ်ကင်းတဲ့ အလုပ်တွေနဲ့ လုပ်မိကြလေတော့ ဒီဘဝကောင်းစားခဲ့ရင်တောင် ကိုယ်ပြုမိခဲ့သမျှ အကုသိုလ်ကံ ဝဋ်ကြွေးတွေက သံသရာဘဝ အဆက်ဆက်ပါကုန်ကြပြီပေါ့ ညီမလေးရယ် ''

''အစ်ကိုကြီးရယ်...'' ဝမ်းနည်းစွာပြောနေသည့် အစ်ကိုဖြစ်သူစကားကြောင့် ဒေါ်သက်တင်လဲ စိတ်မကောင်းဖြစ်ရသည်။

''အရွယ်ကလေးလဲရတရားဘာဝနာလေးတွေလဲ နာကြားမိလာတော့ ကိုယ်ပြုမိခဲ့တဲ့အကုသိုလ်ကံတွေကို တွေးတွေးပြီးကြောက်နေမိတယ် ညီမလေးရယ်။ တကယ်တော့ ဝဋ်ကြွေးဆိုတာ နောင်ဘဝထိတောင် မကူးဘူး။ အခုဘဝကတည်းကခံနေကြရတာဟ''

''ဟင်း...''ဒေါ်သက်တင်လည်း အစ်ကိုဖြစ်သူ ပြောသမျှနားထောင်ရင်း အစ်ကိုဖြစ်သူအတွက် တွေးကာ စိတ်မကောင်းဖြစ်နေမိသည်။ တစ်ချိန်က အစ်ကိုဖြစ်သူဘဝကိုပြန်တွေးကာ မြင်ယောင်နေမိသည်။

(၄)

''ပျားသိန်းမောင်တဲ့။ဒီနယ်တစ်ဝိုက်မှာ ဒီနာမည်ကို မသိတဲ့သူက ခပ်ရှားရှားရယ် ဒါနဲ့ ကိုယ့်လူက ကျုပ်ကို ဘာကိစ္စလာရှာရတာလဲ''

အိမ်သို့ရောက်လာသည့် ဧည့်သည်အားကြိုဆို ဧည့်ခံရင်းမေးလိုက်သည်။ ဧည့်သည်ဆိုသူက ဦးသိန်းမောင် ဧည့်ခံသည့်စားသောက်ဖွယ်ရာများကို စားရင်းသဘောကျစွာပြန်ဖြေသည်။

'' ဒီလိုပါ အစ်ကို ကျွန်တော်က ဆေးကုမ္ပဏီ အတွက် ဆေးဖက်ဝင်ပစ္စည်းတွေ ရှာဖွေဝယ်ယူပေးရတဲ့ အဝယ်မန်နေဂျာပါ ''

''သြော်...သြော်''ဦးသိန်းမောင်က ထိုလူပြောသမျှနားထောင်ရင်း ခေါင်းတညိတ်ညိတ်ရှိလေသည်။

''အထူးသဖြင့် ကျွန်တော်တို့ ကုမ္ပဏီကထုတ်တဲ့ အားဆေးတစ်မျိုးမှာ ပျားရည်စစ်စစ်ကို အသုံးပြုပါတယ်''

''သြော်...''

''အဲဒါ ပျားရည်စစ်စစ်ရနိုင်ဖို့ရှာရင်းနဲ့ အခုလို ပျားမုဆိုးကျော် ဦးသိန်းမောင်ဆီကို မေးပြီး ရောက်လာရတာပါပဲဗျာ''

''ဟေ ဒါနဲ့ ပျားရည်က ဘယ်လောက်လိုချင်တာလဲ ဈေးကကော''

''ဟုတ်ကဲ့ ပျားရည်က ရသလောက်ယူပါ့မယ်။ ဈေးကလဲ ဒီကဦးသိန်းမောင် ရောင်းနေကျဈေးထက် ပိုပေးပါ့မယ်။ အဓိကက ပျားရည်စစ်စစ်ရရင်ပြီးတာပါပဲ''

''ပျားရည်မစစ်မှာတော့ မပူနဲ့ဗျို့။ ပျားဖွပ်တဲ့နေရာမှာတော့ ဒီနယ်တစ်ဝိုက်မှာ ကျုပ်အပြင်အခြားလူမရှိဘူး၊အဲဒါကြောင့် ကျုပ်နာမည်ကို ပျားသိန်းမောင်လို့တောင် အများက ခေါ်ဝေါ်ကြတာ။ ကဲ ပျားရည်စစ်စစ်ဘယ်လောက်ယူမလဲသာပြော''

သည်လိုနှင့် ဦးသိန်းမောင်သည် ရသမျှပျားရည်များကို ထိုဆေးကုမ္ပဏီနှင့်ချိတ်ဆက်ကာ ရောင်းအားကောင်းနေတော့သည်။

''ကိုသိန်းမောင်ရယ် ရှင်လည်းတစ်နေ့တစ်နေ့ မနားရပါဘူးတော်။ တစ်ရက်တလေလောက်တော့၊ နားပါအုံးလား''ဇနီးဖြစ်သူက တားပေသော်ငြား ဦးသိန်းမောင်သည် ပျားဖွပ်ခြင်းအလုပ်ကို ရပ်နားခဲ့ခြင်းမရှိသလောက်ပင်။ နေ့စဉ်မပျက်ခဲ့ပေ။

'' အစ်ကိုကြီး မနက်ဖြန်ကျရင် ရွာဦးကျောင်းမှာ တရားလာနာပါလား။ ဥပုသ်သီလလေး ယူပေါ့''

ညီမဖြစ်သူက ခေါ်သော်လည်း ဦးသိန်းမောင်သည် ဘုရားသွားရန် စိတ်မဝင်စားခဲ့ချေ။

'' ညီမလေးတို့ပဲ သွားပါ။ ဒါနဲ့ မနက်ကျရင်တော့ ကျောင်းက ဆရာတော်အတွက် အစ်ကိုကြီး ပျားရည်တစ်ပုလင်းလောက်တော့ လှူလိုက်မယ်ကွယ်''

''ဟယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးလဲ ဆရာတော်အကြောင်းကို သိရဲ့သားနဲ့ ဆရာတော်က သားသတ်လွတ်ပဲဘုဉ်းပေးတာလေ။ ဘယ်နှယ့် ပျားရည်လဲ။ ညီမလေး ယူမသွားရဲပါဘူး။ ''

''အေးပါ ညီမလေး သဘောပဲလေ''

''အစ်ကိုကြီးရယ် ဥပုသ်နေ့လေးဘာလေးတော့ ဒီပျားဖွပ်တဲ့ အကုသိုလ်အလုပ်ကြီးကို၊ အနားပေးပါအုံးလားဟင်''

ညီမဖြစ်သူက စေတနာဖြင့်ပြောသော်လည်း ဦးသိန်းမောင်က နားမဝင်ခဲ့ပေ။ထိုနေ့မှာပင် ဦးသိန်းမောင်သည် တောထဲမှာ ပျားဖွပ်ရင်း ခြေချော်၍ သစ်ပင်ပေါ်ကပြုတ်ကျလေသည်။ မျက်လုံးကိုလည်း သစ်ကိုင်းနှင့်ရိုက်မိကာ မျက်လုံးနှစ်ဖက်စလုံး၊ အလင်းကွယ်ခဲ့ရတော့သည်။ တစ်သက်လုံး ပြုလုပ်လာသော ဦးသိန်းမောင်၏ အကုသိုလ်ကံများသည် ဉာဏ်မျှဖြင့်ရပ်မသွားခဲ့။ ဇနီးသည်ဖြစ်သူလည်း ထိုနှစ်ထဲမှာပင် ကွယ်လွန်သွားသည်။ ဦးသိန်းမောင်သည် ကုမရတော့သည့် မျက်လုံးများကြောင့် သူ့ဘဝ၏ လက်ကျန်အချိန်များကို မျက်မမြင် ဒုက္ခိတဘဝဖြင့် ကုန်လွန်ရတော့သည်။

''ပြီးခဲ့တာတွေ ပြန်တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့တော့လား အစ်ကိုကြီးရယ်။ ကံ ကံ၏အကျိုးတွေပဲပေါ့။ အခုလက်ရှိ ပစ္စုပ္ပန်မှာ အစ်ကိုကြီး သိထားရမှာက အစ်ကိုကြီးရဲ့ စိတ်ထဲ အတွေးထဲအာရုံထဲမှာ ဖြစ်ပေါ်နေတဲ့အတွေးတွေ ဆန္ဒတွေကို အတတ်နိုင်ဆုံး မှန်ကန်အောင်ထားရမယ်၊ ဖြူစင်အောင်လဲ ကျင့်ကြံရမယ်၊ ပြီးတော့ ဗုဒ္ဓဘုရားရှင်ရဲ့အဆုံးအမ တရားဓမ္မတွေကို နှလုံးသွင်းပြီး ကိုယ့်ကိုယ်ကိုယ် အနေမြတ်အောင်လဲ နေတတ်အောင် နေရမယ်အစ်ကိုကြီးရဲ့။ ညီမလေးပြောတာ သဘောပေါက်ရဲ့လား''

ဒေါ်သက်တင်၏ တည်ကြည်အေးချမ်းလှသည့် စကားကို ဦးသိန်းမောင်က သဘောပေါက်စွာပင် ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလေသည်။ ဦးသိန်းမောင်၏စိတ်ထဲတွင်လည်း သူတစ်သက်လုံး မကောင်းမှုအကုသိုလ်ကံများ ပြုလုပ်ခဲ့မိသမျှ ပြန်တွေးကာ နောင်တရမဆုံးဖြစ်နေမိသည်။ တန်ပြန်ကာခံစားရမည့် ဝဋ်ကြွေးကြမ္မာကို ရှောင်လွှဲ၍မရနိုင်မည်မှာ သေချာနေကြောင်း နားလည်သဘောပေါက်မိလေသည်။ ဒါကြောင့်ပင် သူ့ဘဝ၏ ကျန်ရှိနေသေးသည့် လက်ကျန်အချိန်ကလေးများကို တရားဘာဝနာပွားများ ကျင့်ကြံခြင်းဖြင့် အကောင်းဆုံးနေထိုင်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

# နည်းစနစ်တကျစိုက်ပျိုးက အရည်အသွေးပြည့်ဝကော်ဖီရ

နီလာ

ကော်ဖီသီးနှံသည် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချနေရသော ပြည်ပဝင်ငွေရ စက်မှုကုန်ကြမ်းသီးနှံအမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံသည် ကော်ဖီသီးနှံစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သော ရေမြေရာသီဥတုရှိပြီး အရည်အသွေး အထူးတန်းဝင်ကော်ဖီကိုလည်း စနစ်တကျထုတ်လုပ်လျက်ရှိသည်။ ကမ္ဘာတွင် ကော်ဖီမျိုးစိတ်ပေါင်း ၁၂၉ မျိုးခန့်ရှိသော်လည်း အာရေဗီးကား(Arabica)၊ ရိုဘတ်စတာ (Robusta)၊ လိုင်ဘရီကာ(Liberica)၊ အိတ်ဆယ်လ်ဆာ (Excelsa) မျိုးတို့မှာ လူသိများသည်။ ၎င်းတို့အနက် ကုန်းမြင့်ကော်ဖီမျိုးဖြစ်သည့် အာရေဗီးကားနှင့် မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် ရိုဘတ်စတာမျိုးတို့ကိုသာ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်ထိ ကော်ဖီသီးနှံစိုက်ဧကမှာ ၅၆၇၃၉ ဧကဖြစ်ပြီး ကော်ဖီအသီးခူးဧကမှာ ၃၁၇၆၈ ဧကဖြစ်သည်။ ကော်ဖီသီးစိမ်းထွက်ရှိမှုမှာ ၉၁၉၂ မက်ထရစ်တန်ဖြစ်သည်။ ကုန်းမြင့်မျိုးဖြစ်သည့် အာရေဗီးကားကော်ဖီကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၅၀၀ ထက်မြင့်သောဒေသများတွင်သာ စီးပွားဖြစ်စိုက်ပျိုးကြသည်။ အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်ရန်အတွက် စတင်စိုက်ပျိုးသည်မှစ၍ သောက်သုံးမှု အဆင့်ရောက်သည်ထိ စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်။ စိုက်ပျိုးမည့်ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသောကော်ဖီမျိုးကို ရွေးချယ်စိုက်ပျိုးရန် အရေးကြီးလှပါသည်။

အာရေဗီးကားကော်ဖီ စိုက်ပျိုးရန်သင့်တော်သည့် မြေအမျိုးအစားမှာ ရေစီးရေလာကောင်းသော သဲနုန်းဆန်သည့်မြေအမျိုးအစားဖြစ်ပြီး မြေသားဒုအနည်းဆုံးလေးပေရှိသင့်သည်။ ကော်ဖီကြိုက်နှစ်သက်သောမြေချဉ်ငန်ဓာတ်မှာ ၅ ဒသမ ၅ မှ ၆ ဒသမ ၅ အတွင်းဖြစ်သည်။ အာရေဗီးကားကော်ဖီကြိုက်နှစ်သက်သည့်ရာသီဥတုမှာ အပူချိန် ၁၅ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်းနှင့် မိုးရေချိန်လက်မ ၆၀ မှ လက်မ ၈၀၊ လေထုစိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အာရေဗီးကားကော်ဖီမျိုးကွဲများစွာကို စိုက်ပျိုးလျက်ရှိပြီး ကော်ဖီရာသီ သီးနှံဌာနခွဲ၌ အာရေဗီးကားကော်ဖီမျိုးကွဲ ၂၉ မျိုးကို စိုက်ပျိုးထိန်းသိမ်းထားရှိသည်။ ၎င်းမျိုးကွဲများအနက် ပင်လယ်ရေမျက်နှာပြင်ထက်အမြင့်ပေ ၃၈၀၀ ထက်မြင့်သောဒေသများတွင် S-795၊ Blue Moun-tain၊ Geisha မျိုးတို့ကိုလည်းကောင်း၊ ပေ ၃၈၀၀ အောက်နိမ့်သောဒေသများတွင် Amarella၊ Catuai၊ Caturra၊ SL34၊ P-86၊ P-88နှင့် P-90 မျိုးတို့ကိုလည်းကောင်း၊ ပူပြင်းခြောက်သွေ့သောဒေသများတွင် ရေငတ်ဒဏ်ခံနိုင်ရည်ရှိသည့် SL-28၊ Catimor၊ C-1669၊ LC-1662၊T-5175 နှင့် T-8667မျိုးတို့ကိုလည်းကောင်း၊ ပင်လယ်ရေမျက်နှာပြင်နိမ့်သောဒေသများတွင် K-7 မျိုးကိုလည်းကောင်း၊ လေပြင်းတိုက်ခတ်သောဒေသများတွင် Saramon မျိုးတို့ကိုလည်းကောင်း အဓိကထား ရွေးချယ်စိုက်ပျိုးသင့်ပါသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးမှုကိုပုံစံသုံးမျိုးဖြင့် စိုက်ပျိုးလျက်ရှိသည်။ သဘာဝသစ်တောတွင် စိုက်ပျိုးခြင်း၊ တစ်ဝက်တစ်ပျက်ပြုပြင်ထားသည့် သဘာဝသစ်တောတွင် စိုက်ပျိုးခြင်းနှင့် ကော်ဖီစိုက်ခင်းစနစ်တကျ တည်ထောင်စိုက်ပျိုးခြင်းတို့ဖြစ်သည်။ အာရေဗီးကားကော်ဖီပင်စိုက်ပျိုးရာတွင် ပင်ကြားအကွာအဝေး လေးပေနှင့် တန်းကြားအကွာအဝေး ရှစ်ပေထား၍ စိုက်ပျိုးရန် ထောက်ခံချက်ပေးထားသော်လည်း စိုက်ပျိုးမည့်မျိုး၊ စိုက်ပျိုးမည့်နည်းစနစ်၊ အပင်ပုံသဏ္ဌာန် အရွယ်အစားအပေါ်မူတည်၍ အနည်းငယ်ကွာခြားနိုင်သည်။

စိုက်ခင်း၌ စိုက်မည့်ကော်ဖီပျိုးပင်ရွေးချယ်



ရာတွင် စစ်မှန်သောမျိုး၊ စနစ်တကျ ပျိုးထောင်ထားရှိသော၊ နေကျင့်ပြီးသော၊ အရွက်ခြောက်စုံမှရှစ်စုံရှိသော၊ ၈ လမှ ၁၂ လသက်တမ်းရှိသော၊ ရောဂါပိုးမွှားကင်းသောပျိုးပင်မျိုးဖြစ်ရမည်။ ကော်ဖီပျိုးပင်များကို စိုက်ခင်းအတွင်း မြေချစိုက်ပျိုးရန်အတွက် စိုက်ကျင်းကို မစိုက်ပျိုးမီ နှစ်လခန့်ကြိုတင်၍ ကျင်းတူးသင့်သည်။ စိုက်ကျင်းအရွယ်အစားမှာ အနည်းဆုံး ၁ ဒသမ ၅ ပေ ပတ်လည်နှင့် ကျင်းအနက် ၁ ဒသမ ၅ ပေရှိသင့်သည်။ ကျင်းတူးရာတွင် အပေါ်ယံမြေလွှာကို ကျင်းတစ်ဖက်၊ အောက်ခံမြေသားကို ကျင်း၏အခြားတစ်ဖက်သီးခြားစီပုံပေးရမည်။ မစိုက်ခင်နှစ်ပတ်၊ သုံးပတ် အလိုတွင် ကျင်း၏အပေါ်ယံမြေ၌ နွားချေးနှစ်ပြည်၊ တီစူပါနှစ်ဇွန်း၊ ထုံးနို့ဆီဘူးတစ်ဘူး ထည့်၍သမအောင်မွှေပေးပြီး ကျင်းကိုပြန်ဖုံးထားပေးရမည်။ စိုက်မည့်အချိန်မှ ပျိုးအိတ်ဝင်ကျင်းငယ်များဖောက်၍ စိုက်ပျိုးရမည်။ မိုးဦးကျပြီး အစိုဓာတ်လုံလောက်ချိန်တွင် စတင်စိုက်ပျိုးနိုင်သည်။ ရေပေးနိုင်လျှင် နွေရာသီတွင် ရေသွင်းစိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံရှိဒေသအများစုသည် ကော်ဖီပင်ကို အရိပ်နှင့်ယှဉ်တွဲစိုက်ပျိုးသင့်သည်။ အရိပ်ဖြင့်ယှဉ်တွဲစိုက်ပျိုးခြင်းသည် နေ့အပူဒဏ်သာမက ညအအေးဒဏ်ကိုပါ ကာကွယ်ရန်အတွက်ဖြစ်သည်။ အရိပ်များလွန်းလျှင်လည်း ပန်းပွင့်နည်းခြင်း၊ အသီးတင်မှုနည်းခြင်း၊ အထွက်နည်းခြင်းတို့ ဖြစ်နိုင်သည်။ ထို့အတူ အရိပ်နည်းပြီး အလင်းများလွန်းလျှင်လည်း အပွင့်အသီးများပြီး အသီးလွန်ရောဂါဖြစ်၍ ကိုင်းဖျားခြောက်သေဆုံးနိုင်သည်။ အရိပ်အမျိုးအစားကို ထာဝရအရိပ်နှင့် ယာယီအရိပ်ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ထာဝရအရိပ်ပင်များဖြစ်သော ခါတော်မီပင်၊ ရေပိတုန်းပင်တို့အပြင် နှစ်ရှည်စားသုံးသီးပင်များကြားညှပ်စိုက်ပျိုးနိုင်သည်။ ထာဝရအရိပ်ပင်ကို ကော်ဖီမစိုက်မီ နှစ်နှစ်ခန့်ကြိုတင်၍ စိုက်ပျိုးနိုင်ပါက ပို၍ကောင်းမွန်သည်။ ထာဝရအရိပ်ပင်ငယ်စဉ်ကော်ဖီပင်ကို အပြည့်အဝအရိပ်မပေးနိုင်သေးချိန်၌ ယာယီအရိပ်ပင်များ စိုက်ပျိုးပေးရမည်။ ယာယီအရိပ်ပင်အဖြစ် ပဲမျိုးရင်းဝင်အပင်များ၊ အကြီးမြန်သောသစ်ပင်အမျိုးအစားများ စိုက်ပျိုးပေးရမည်။ ထာဝရအရိပ်ပင်မှ ကောင်းစွာအရိပ်ပေးနိုင်ချိန်တွင် ယာယီအရိပ်ပင်များကို ရှင်းလင်းပေးရမည်။ ကော်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လာသည်နှင့်အမျှ ယှဉ်တွဲစိုက်ပျိုးရသည့် အရိပ်ပင်များကြောင့် သစ်တောများပြန်လည်ရှင်သန်လာပြီး ဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ညီညွတ်မျှတစေသည်။

ကော်ဖီစိုက်ခင်းကို ပြုစုထိန်းသိမ်းရာ၌ စိုက်ခင်းကို သန့်ရှင်းစွာထားရှိခြင်း၊ ကော်ဖီပင်တန်းကြားအတွင်း မြေဖုံးကာပင်များစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို အချိန်မှန်အချိုးကျကျထည့်သွင်းပေးခြင်း၊ မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းနိုင်ရန်နှင့် မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ရန် ကောက်ရိုး၊ မြက်ခြောက်ကဲ့သို့သော မြေဖုံးကာပစ္စည်းများဖြင့် ဖုံးအုပ်ပေးခြင်းတို့ လုပ်ဆောင်ပေးရမည်။ ကော်ဖီပင်၌ မလိုသောကိုင်းများ၊ ကိုင်းခြောက်များနှင့် သားတက်များဖယ်ရှားခြင်းကို ပုံမှန်လုပ်ဆောင်ပေးရမည်။

ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် ဘက်စုံကာကွယ်နည်းလမ်းကို အသုံးပြုရမည်။ ပိုးမွှားရောဂါကျရောက်မှုရှိမရှိကို အစဉ်မပြတ်စောင့်ကြည့်နေရမည်။ အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်းအားဖြင့်လည်း ပိုးမွှားရောဂါကျရောက်မှုကို လျှော့နည်းစေနိုင်သည်။ ပိုးမွှားရောဂါကျရောက်မှုသည် စီးပွားရေးထိခိုက်သည့် အနေအထားသို့ရောက်ရှိမှသာ ဓာတုပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ကို အသုံးပြုရမည်။

အာရေဗီးကားကုန်းမြင့်ကော်ဖီများသည် စိုက်ပျိုးပြီး နှစ်နှစ်ခွဲတွင် ပန်းစတင်ပွင့်သည်။ သို့သော်လည်း သီးထွက်မယူသေးဘဲ ကော်ဖီပန်းများ၊ အသီးကင်းများကိုခြွေပေးရမည်။ လေးနှစ်သား သက်တမ်းရောက်မှသာ စတင်အသီးယူခြင်းသည် ပင်ပိုင်းကြီးထွားဖွံ့ဖြိုးမှုနှင့် ကော်ဖီပင်အမြစ်ကြီးထွားဖွံ့ဖြိုးမှုများကို အဟန့်အတားမဖြစ်စေဘဲ ရေရှည်အထွက်နှုန်းရရှိမည်ဖြစ်သည်။ ကော်ဖီသီးခူးဆွတ်ရာတွင်လည်း ပြည့်ဝစွာရင့်မှည့်သည့် အသီးများကိုသာ ရွေးချယ်၍ အကြိမ်ကြိမ်ခူးဆွတ်ရမည်။ ကောင်းစွာရင့်မှည့်သည့်အသီးမှသာ အရည်အသွေးပြည့်ဝသည့် ကော်ဖီကို ထုတ်လုပ်နိုင်သောကြောင့်ဖြစ်သည်။

ခူးဆွတ်ပြီးကော်ဖီသီးမှည့်များကို ရေပေါ်သီးဖယ်ရှားခြင်း၊ အရွယ်အစားခွဲခြားခြင်းများ လုပ်ဆောင်ပြီးနောက် ကော်ဖီစေ့ကြိတ်ခွဲထုတ်လုပ်ရမည်။ ကော်ဖီစေ့ကြိတ်ခွဲထုတ်လုပ်ရာ၌ အစိုနည်းဖြင့်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် အခြောက်နည်းဖြင့်ကြိတ်ခွဲထုတ်လုပ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ နည်းစနစ်မှန်ကန်စွာ စနစ်တကျထုတ်လုပ်ပါက အရည်အသွေးပြည့်ဝသော ကော်ဖီရရှိသည်။ ရရှိလာသောကော်ဖီစေ့များကို အခြောက်ခံပြီး အစိုဓာတ် ကိုးရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းရှိချိန်တွင် လေလုံသည့်အိတ်ဖြင့်ထည့်၍ သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းသောအခန်းတွင် သိမ်းဆည်းရမည်။

မြန်မာနိုင်ငံမှထွက်ရှိသော အရည်အသွေးပြည့်ဝသည့် အထူးတန်းဝင်ကော်ဖီများကို ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ဂျပန်၊ စပိန်၊ ကိုရီးယား၊ အမေရိကန်၊ အင်္ဂလန်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ပြည်တွင်း၌လည်း ၂၀၂၂ ခုနှစ်မှစတင်၍ ကော်ဖီသောက်သုံးမှု တိုးတက်လာပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များက ကော်ဖီမှုန့်နှင့် အသင့်ဖျော်ကော်ဖီမှုန့်များ တိုးမြှင့်ထုတ်လုပ်လာသည်ကို တွေ့ရှိရသည်။ ထိုသို့ ထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကော်ဖီအခြေခံ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတတ်လာခြင်းနှင့်အတူ နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေများလည်း တိုးတတ်လာမည်ဖြစ်သည်။

ထိုသို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်သည့်ဒေသနှင့် ဆက်စပ်နေရာများတွင်အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်းများရရှိစေမှုတို့ကြောင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချတိုက်ဖျက်ရေးကိုလည်း အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသောကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းကို အရှိန်အဟုန်မြင့် တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးမည်


ယခင်နှစ် ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၁၁ ဧက၊ ဆွမ္မရာမြို့နယ်တွင် ၁၁ ဧက၊ လဟယ်မြို့နယ်တွင် ၃၄၉ ဧက၊ ထန်ပါခွေမြို့နယ်တွင် ၁၂၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၄၂ ဧက၊ ဒုံဟီးမြို့နယ်တွင် ၂၅၂ ဧက၊ ပန်ဆောင်မြို့နယ်တွင် ၇၁ ဧက စုစုပေါင်း ၁၂၅၈ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဲပုပ်၁၂၅၈ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်သွားမှာပါ။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့ကို တောင်သူတွေသိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာဆောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းမျာကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဲဖြူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၁၅ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၇ ဒသမ ၆၅ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# သာပေါင်းမြို့နယ်တွင် စပါး ၉၂၇၆၉ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၁၂ ဒသမ ၄၂ တင်း ထွက်ရှိ

**သာပေါင်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၂၇၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၁၂ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၉၄၀၀၂ ဧကထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါး ၉၄၀၀၂ ဧကကို မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၉၂၇၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီက စပါး ၉၄၀၀၂ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ စပါးလျာထားဧက ပြည့်မီဖို့အတွက် မျိုးစေ့နဲ့နည်းပညာပိုင်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအခက်အခဲဖြစ်နေတဲ့ သွင်းအားစုတွေကိုလဲ ထောက်ပံ့ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းတွေကို သိရှိစေဖို့အတွက် အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကွင်းဆင်းသရုပ်ပြနိမ့်မနင်းရေးလုပ်ငန်းတွေကိုလဲ လက်တွေ့လုပ်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ပေးခဲ့တာကြောင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး စပါးလဲ အထွက်နှုန်း ကောင်းတာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။




သာပေါင်းမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ရက် ၉၀၊ ဆင်းသုခ၊ နှစ်လခွဲ စသည့်စပါးမျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

စပါးကိုအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် ကျွန်းကလေးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နတ်တလင်းမြို့နယ် ကျွန်းကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်များနှင့် ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲပေးရွေးချယ်ခဲ့သည်။

နတ်တလင်းမြို့နယ် ကျွန်းကလေးကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် မေ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဈေးသာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊မရှိအခြေအနေများ၊ လအလိုက် ပေးပို့ရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိမရှိအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ တာဝန် ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် သုညဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ငွေကျပ် ၅၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုညို**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဂျပန်နိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်သွားမည်



တိုကျို မေ ၂၈

ဂျပန်နိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ဂျပန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် ကမ်းလွန်လေအားလျှပ်စစ်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်အရောက်တွင် ကမ်းလွန်လေအားလျှပ်စစ်ကဏ္ဍမှ လျှပ်စစ်စွမ်းအင် ၄၅ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် စွမ်းအင်လုံလောက်မှုရှိစေရေးအတွက် ပြည်ပမှ ကျောက်မီးသွေးများနှင့် သဘာဝဓာတ်ငွေ့များ တင်သွင်းနေမှုကို အားထားနေရသည့် အခြေအနေကို လျှော့ချနိုင်ရေးအတွက် ပြင်ဆင်နေကြောင်း ဂျပန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကမ်းလွန်လေအားလျှပ်စစ်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် ဒိန်းမတ်ကုမ္ပဏီဖြစ်သည့် Orsted ကုမ္ပဏီနှင့် သဘောတူညီချက်ရရှိထားသော်လည်း အဆိုပါကုမ္ပဏီက ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံအတွင်းမှ ပြန်လည်ထွက်ခွာသွားခဲ့သည့်အတွက် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးကြောင်း၊ သို့သော်လည်း ဂျပန်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဥရောပနိုင်ငံများအတွင်း တောမီးလောင်ကျွမ်းမှုများ ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးနိုင်ရန် EU က စီစဉ်နေ

ဘရပ်ဆဲလ် မေ ၂၈

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) သည် ဥရောပနိုင်ငံများအတွင်း တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာပါက တောမီးထိန်းချုပ်ရေးလုပ်ငန်းများတွင် ကူညီပေးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးနိုင်ရေး စီစဉ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရသည့် ဥရောပနိုင်ငံများမှာ ပေါ်တူဂီနိုင်ငံ၊ စပိန်နိုင်ငံနှင့် ဂရိနိုင်ငံတို့ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားပါက တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်ရေးစီမံချက်အရ ပေါ်တူဂီနိုင်ငံတွင် လေယာဉ် ၂၂ စင်း၊ ရဟတ်ယာဉ်လေးစင်း စုဖွဲ့သွားမည်ဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ရွေးချယ်စုဖွဲ့သွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ဦးရေ ၆၅၀ ဖြင့် စုဖွဲ့သွားမည်ဖြစ်ပြီး ဇူလိုင်လမှ ဩဂုတ်လအတွင်းဖြစ်ပွားလေ့ရှိသော တောမီးများကို ကူညီငြိမ်းသတ်ပေးနိုင်ရေး ပစ်မှတ်ထားနေကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်လေ့ရှိတဲ့ ဇူလိုင်လကနေ ဩဂုတ်လအတွင်း ဥရောပနိုင်ငံတွေမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာရင် ပြည်တွင်းမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီးတော့ တောမီးကို အမြန်ဆုံးငြိမ်းသတ်ပေးနိုင်ဖို့ နိုင်ငံပေါင်း ၁၄ နိုင်ငံက မီးသတ်တပ်ဖွဲ့ဝင်အယောက် ၆၅၀ စုဖွဲ့ပေးထားတယ်။ လေယာဉ် ၂၂ စင်းနဲ့ ရဟတ်ယာဉ်လေးစင်းကိုလဲ စုဖွဲ့ပေးထားပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပြင်းထန်သော လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သော ချီလီနိုင်ငံတောင်ပိုင်းသို့ ချီလီသမ္မတ သွားရောက်အားပေးခဲ့

ဆန်တီယာဂို မေ ၂၈

ပြင်းထန်သော လေဆင်နှာမောင်း မေ ၂၅ ရက်က တိုက်ခတ်မှုဖြစ်ပွားခဲ့သော ချီလီနိုင်ငံ တောင်ပိုင်းသို့ ချီလီသမ္မတ သွားရောက်အားပေးခဲ့ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

ချီလီနိုင်ငံ တောင်ပိုင်းတွင် တိုက်ခတ်ခဲ့သည့် ပြင်းထန်သော လေဆင်နှာမောင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၈၀ ထိရှိခဲ့သည်ဟု ချီလီမိုးလေဝသဌာနက ထုတ်ပြန်ခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် လူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၂၅၀ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များလဲကျခဲ့သည့်အတွက် လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်ခဲ့ကြောင်း၊ ထိုသို့ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် တောင်ပိုင်းဒေသသို့ ချီလီသမ္မတ ဂါဘာရီရယ်ဘောရစ်က မေ ၂၆ ရက်တွင် သွားရောက်အားပေးခဲ့ကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ပြည်နယ်အသီးသီးက ရှာဖွေကယ်ဆယ်ရေး အဖွဲ့တွေက အပျက်အစီးတွေကို ဖယ်ရှားပေးနေပါတယ်။ ဒဏ်ရာရသူတွေကို ဆေးကုသပေးနေပြီး သောက်သုံးရေကတော့ ရာနှုန်းပြည့် ပြန်လည်ပေးဝေနိုင်ပါပြီ။ လျှပ်စစ်ဓာတ်အားပေးစနစ်ကတော့ ၈၅ ရာခိုင်နှုန်းလောက် ပြင်ဆင်ပေးပြီးပါပြီ"ဟု ပြည်ထဲရေး၏ လက်ထောက်အတွင်းရေးမှူး ဗစ်တာရာမိုစ်က ပြောကြားခဲ့သည်။



အဆိုပါဒေသတွင် မိုးလေဝသအခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး လက်ရှိမှာ အနီရောင်သတိပေးချက် ထုတ်ပြန်ထားပြီး ကျောင်းများကို ခေတ္တပိတ်ထားကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အာဖရိကတိုက်နိုင်ငံများရှိ ရေဝပ်မြေများတွင် ရေထုညစ်ညမ်းမှုကြောင့် လာရောက်ကျက်စားသော ကြိုးကြာနီငှက်ကောင်ရေ ကျဆင်းလာ

ကိပ်တောင်း မေ ၂၈

အာဖရိကတိုက် နိုင်ငံများရှိ ရေဝပ်မြေများတွင် ရေထုညစ်ညမ်းမှုကြောင့် လာရောက်ကျက်စားသော ကြိုးကြာနီကောင်ရေ ကျဆင်းလာကြောင်း အာဖရိကတိုက်အခြေစိုက် နိုင်ငံတကာငှက်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ စစ်တမ်းများတွင် ဖော်ပြထားကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

အာဖရိကတိုက်တွင် ကြိုးကြာနီများ အဓိကကျက်စားရာ ရေဝပ်မြေနေရာ လေးနေရာရှိပြီး ၎င်းတို့မှာ တန်ဇန်နီးယားနိုင်ငံရှိ ဆားရေအိုင်၊ ဘော့ဆွာနာနိုင်ငံနှင့် နမီးဘီးယားနိုင်ငံရှိ ဆားအိုင်များနှင့် တောင်အာဖရိကနိုင်ငံရှိ ကင်ဘာလေဆည်တို့ဖြစ်ကြောင်း၊ အဆိုပါနေရာများသည် ၂၀၂၀ ပြည့်နှစ်ကစပြီး မိလ္လာများယိုစိမ့်မှုကြောင့် အဆိပ်သင့်ရေများဖြစ်ကာ ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ၎င်းနေရာ လေးနေရာထဲမှ ကင်ဘာလေဆည်သည် ရေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ကာ ကြိုးကြာနီများ လာရောက်ကျက်စားမှု မရှိသလောက်ဖြစ်ခဲ့ကြောင်း ရေဝပ်မြေဆိုင်ရာထိန်းသိမ်းစောင့်ရှောက်သူ အက်စတာဗန်ဒါက ပြောကြားခဲ့သည်။

ထို့သို့ ကြိုးကြာနီများ ကျက်စားရာရေဝပ်မြေများ ရေထုညစ်ညမ်းလာခြင်းကြောင့် လာရောက်ခိုနား၊ ကျက်စားသော ကြိုးကြာနီများ သေဆုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ကောင်ရေများကျဆင်းလာကြောင်း၊ သန်းပေါင်းများစွာရှိသော ကြိုးကြာနီများသည် ယခုအခါ သုံးသန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ အာဖရိကတိုက်အခြေစိုက် နိုင်ငံတကာငှက်မျိုးစိတ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ စစ်တမ်းများအရ သိရသည်။

ရေဝပ်မြေများ၏ ရေထုညစ်ညမ်းမှုကို ထိန်းချုပ်မှုများမပြုလုပ်ပါက ကြိုးကြာနီများသည် ကောင်ရေကျဆင်းကာ မျိုးသုဉ်းလုနီးပါး ဖြစ်လာနိုင်ကြောင်း နိုင်ငံတကာ ငှက်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်ပေါ်နေကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

နယူးဒေလီ မေ ၂၈

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ် ဘာရာမာတီမြို့၊ အင်ဒါပူရ်မြို့နှင့်ထောင်မြို့တို့တွင် မေ ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှုမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်နေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်ခဲ့သည်ဟု မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန် မြင့်တက်မှုပေါ်မူတည်၍ ရေကြီးရေလျှံမှုအခြေအနေ အပြောင်းအလဲရှိလာနိုင်ပြီး ဘာရာမာတီမြို့တွင် ရွာသွန်းနေသည့် မိုးရေချိန်မှာ ၇ လက်မထိ ရောက်ရှိနေကြောင်း၊ ထို့ပြင် အင်ဒါပူရ်မြို့တွင်လည်း နာရီအနည်းငယ်အတွင်း မိုးရေချိန်မှာ ၁၃ လက်မထိမြင့်တက်ခဲ့ပြီး အင်ဒါပူလ်မြို့တွင် ရေလွှမ်းနေသည့် နေအိမ် ၇၀ ခန့်ရှိကြောင်း IMD က ထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းမှုမှာ မကြုံဖူးသော မိုးရွာသွန်းမှုမျိုးဖြစ်ပြီး ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ်တုံ့ပြန်ရေး အစီအစဉ်များကို ပြင်ဆင်နေပြီဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ် ဒုတိယဝန်ကြီးချုပ် အဂျစ်ပါဝါက ပြောကြားခဲ့သည်။

ဘာရာမာတီမြို့တွင် ရေလွှမ်းနေသည့် နေအိမ်ပေါင်း ၁၅၀ ခန့်ရှိပြီး ဒေသခံတချို့မှာ ဘေးလွတ်ရာသို့ စတင်ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း၊ မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ရေလွှမ်းနေသည့် နေရာများကို အချိန်ပြည့်စောင့်ကြည့်တိုင်းတာနေပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကိုလည်း ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး လိုအပ်သည်များကြိုတင်ပြင်ဆင်ထားရန် ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ငါးတီ၏ သဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ငါးတီများသည် အပူပိုင်းဒေသကမ်းရိုးတန်း ရေတိမ်ဇရိယာတွင် အမြဲတမ်း နေထိုင်ကျက်စား လေ့ရှိပါသည်။ ရေကန်များ၊ မြစ်ဝကျွန်းပေါ်များနှင့် ကမ်းရိုးတန်းမြစ်များတွင် တွေ့ရှိပြီး မြစ်အောက်ခြေနှင့် ကမ်းစပ်ရှိ တွင်းများတွင်လည်း နေထိုင်ကြသည်။ ဒီရေပြန်ကျပြီးနောက် သဲသောင်ပြင်သည် ငါးတီများနေထိုင်ရာ နေရာဖြစ်ပါသည်။ ငါးတီ၏ ချွန်ထက်သောအမြီးဖြင့် တူးထားသော တွင်းသည် ၎င်းတို့၏ ကာကွယ်ရေးတွင်းများသာဖြစ်ပါသည်။ အများအားဖြင့် ငါးတီတွင်းမှာ ရှာရခက်ပါသည်။ အကယ်၍ ဒီရေတက်လာလျှင် ငါးတီများသည် တွင်းထဲမှ ထွက်လာတတ်သည်။ ငါးတီများသည် ရေချိုနှင့် စပါးခင်းများအတွင်းသို့ ဝင်ရောက်နေထိုင်တတ်ပြီး ရေကန်များနှင့် မြစ်ဝှမ်းများတွင်လည်း တွေ့ရှိရသည်။ ထို့ပြင်ကမ်းရိုးတန်း၏ အထက်ပိုင်းဒေသများနှင့် အနီးတစ်ဝိုက် ဒီရေတက်သည့်နေရာမျိုး၌လည်း တွေ့ရတတ်သည်။

**တိုင်းရင်းငါးမျိုးစိတ်ငါးတီ**

ဧရာဝတီမြစ်ရိုးတစ်လျှောက် ဖမ်းဆီးရမိသည့် တိုင်းရင်းငါးမျိုးစိတ်တစ်ခုဖြစ်သော ငါးတီငါး(Nga-Ti) သည် ကျောရိုးရှိရေသတ္တဝါဖြစ်ပြီး ငါးရှဉ့်မျိုးနွယ်ဝင်ဖြစ်ပါသည်။ ၎င်း၏ အတွင်းပိုင်း၌ ပြွန်ပုံ ကြွက်သားနံရံ၊ အချောင်းနာစ်ကြောနှင့် သွေးကြောများပါဝင်ပြီး ကိုယ်တွင်း၌ အရည်ပြည့်နေသော အခန်းများ ပါဝင်ပါသည်။ ကြွက်သားနံရံများကိုကျုံ့လိုက်လျှင် ကိုယ်တွင်းအရည်ကိုဖိမိသဖြင့် အခန်းပုံသဏ္ဍာန်ပြောင်းသွားတတ်သည်။ ဤနည်းဖြင့် ငါးတီသည် ရေကူးခြင်း၊ မြေတူးခြင်းများကို လုပ်ဆောင်နိုင်သော ရေနေသတ္တဝါဖြစ်ပါသည်။ ငါးတီကို သတ္တဗေဒဆိုင်ရာ သိပ္ပံအခေါ်အဝေါ်အရ Pisodonophisboro ဟု ခေါ်ဆိုပါသည်။

**ပုံသဏ္ဍာန်**

ငါးတီတစ်ကောင်၏ ပုံသဏ္ဍာန်မှာ ဆလင်ဒါပုံဖြစ်ပြီး မြွေသတ္တဝါ၊ တီသတ္တဝါနှင့် သဏ္ဍာန်တူသည်။ ခေါင်းပိုင်းသည် သိမ်ငယ်နေပြီး အမွေးကြမ်းအနည်းငယ်ရှိသည်။ ဆန့်ထုတ်နိုင်သော အရှည် ၁၉ စင်တီမီတာမှ ၂၀ စင်တီမီတာ ရှိသည်။ ငါးတီတွင် အရွယ်အစားကိုလိုက်၍ လုံးပတ်အရှည်တို့မှာ ကွာခြားမှုရှိသည်။ ကျောဘက်တွင် အညိုရောင်ဖျော့ပြီး ဝမ်းဗိုက်ပိုင်းတွင် အဝါဖျော့ဖျော့ အရောင်ရှိသည်။

**တွေ့ရှိရာဒေသ**

ငါးတီကို အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက၊ ဘင်္ဂလားဒေ့ရှ်၊ ဩစတေးလျ၊ ကမ္ဘောဒီးယား၊ မာဒါဂတ်စကာ၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ် စသည့်နိုင်ငံများတွင် တွေ့ရှိပြီး မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် ကျောက်ရဲရွာ၊ ဆားလယ်ရွာ၊ အောင်လံမြို့နယ် ဘိုကုန်းရွာ၊ အင်းကုန်းရွာ၊ သရက်မြို့နယ် ကင်းရွာ၊ ဂုံးသောင်ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ အင်းတော်လေးအင်း၊ စစ်ကိုင်းမြို့နယ်ရှိ ကောင်းမှုတော်အင်းများနှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အရှေ့ဘက်ကမ်းနားသောင်၊ ဓနုဖြူမြို့နယ်ရှိ ဆကာကြီးသောင်နှင့် ဧရာဝတီမြစ်တစ်လျှောက် သဲသောင်စပ်များတွင် တွေ့ရှိရတတ်သည်။

**နေထိုင်မှုနှင့် အစာစားမှုအလေ့အထ**

ငါးတီတစ်ကောင်တွင် အထီး၊ အမမျိုးပွားအင်္ဂါ နှစ်မျိုးစလုံးပါဝင်ပြီး ဧရာဝတီမြစ်အတွင်း ရေကြည်သည့် အချိန်ကာလတွင် သဲသောင်များပေါ်ချိန်၌ သဲနုန်းများအတွင်း နေထိုင်လေ့ရှိကြသည်။ ငါးတီသည် ရေထဲတွင် အမြဲတမ်းလူးလွန့် လှုပ်ရှားနေပြီး ရေထဲမှ အောက်စီဂျင်ကိုစုပ်ယူရန် လှုပ်ရှားနေသယောင် ထင်ရပါသည်။ ၎င်း၏အမြီးကို သဲနုန်းထဲ တိုးဝင်ပြီး ခေါင်းပိုင်းကိုသဲနုန်းအပေါ်ဖော်၍ နေထိုင်လေ့ရှိကြသည်။ ငါးတီသည် သက်ရှိရေသတ္တဝါများ၊ ရေညှိရေမှော်များ၊ စားကြွင်းစားကျန်များကို သဲနုန်းများအတွင်း ရှာဖွေစားသောက်သော အစုံစားသော ရေနေသတ္တဝါမျိုးဖြစ်ပါသည်။ ငါးတီကို တစ်နှစ်ပတ်လုံး ဖမ်းဆီးမရနိုင်ဘဲ ရေကြည်ချိန်ကာလ အအေးပိုင်းအချိန်မှ အပူပိုင်းအချိန်သို့ ပြောင်းလဲသော အချိန်များတွင်သာ ဖမ်းဆီးရရှိနိုင်ပါသည်။ ငါးတီကို သောင်ဆွဲပိုက်၊ ယက်သဲ့၊ ငါးမျှားတံစသည့် ငါးဖမ်းကိရိယာများဖြင့် ရှာဖွေဖမ်းဆီးနိုင်သည်။

**ငါးတီစားဖွယ်စုံ**

ငါးတီကို အစိုအတိုင်းချက်ပြုတ်၍ လည်းကောင်း၊ အခြောက်လှန်းကာ ကြော်လှော်၍လည်းကောင်း၊ ငါးတီအစိုကို မုန့်နှစ်ဖြင့်ရော၍ အခွေလိုက်ကြော်ပြီး မုန့်အဖြစ်လည်းကောင်း ရောင်းချကြသည်။ ငါးမျှားရာတွင်လည်း ငါးစာအဖြစ် အသုံးပြုကြသည်။ ငါးတီကို အာဟာရချို့တဲ့သော လူကြီး၊ လူငယ်၊ ကလေး မ မရွေး စားသုံးကြသည်။

**ငါးတီနှင့်ကျန်းမာရေး**

အာဟာရဓာတ်ကြွယ်ဝသောငါးတီသည် ပရိုတင်း၊ ဗီတာမင်ဘီနှင့် မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်နှင့် ဆီလီနီယမ်တို့ကဲ့သို့ သတ္တုဓာတ်များကြွယ်ဝသည့် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ ငါးတီသည် ကယ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းပါဝင်မှု များသောကြောင့် ဦးနှောက်အတွက် အကျိုးပြုပါသည်။ ငါးတီသည် အညောင်းအညာပြေစေရန် အသုံးပြုသော ရှားပါးဆေးကုန်ကြမ်းတစ်မျိုးလည်းဖြစ်သကဲ့သို့ အရက်ဖြူနှင့်စိမ်ထား၍လည်း သောက်သုံးနိုင်သည်။ ငါးတီတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်အရေးပါသော omega-3 fatty acid လည်း ပါဝင်ပါသည်။ လူ၏ ခန္ဓာကိုယ်မှ omega-3 Fatty acid ကို မထုတ်လုပ်နိုင်ပေ။ လေ့လာမှုများအရ omega-3 Fatty acid သည် နှလုံးကိုကျန်းမာစေနိုင်သလို ခန္ဓာကိုယ်ကျန်းမာရေးအတွက်လည်း အရေးပါသည်။ ထို့ကြောင့် ငါးတီတွင် ပါဝင်သော omega-3 Fatty acid သည် နှလုံးကျန်းမာရေးအတွက် အကျိုးပြုပြီး ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပါသည်။ ငါးကို မကြိုက်ဘူးဆိုလျှင်ပင် ခန္ဓာကိုယ် ကျန်းမာစေရန်အတွက် တစ်ပတ်ကို တစ်ကြိမ်၊ နှစ်ကြိမ်ခန့်မျှ ငါးစားပေးသင့်ပါသည်။ ထို့ပြင် ငါးတီကို စားခြင်းဖြင့် အောက်ပါကျန်းမာရေး အကျိုးကျေးဇူးများလည်း ရရှိစေပါသည်။

လေ့လာမှုများအရ တစ်ပတ်လျှင်တစ်ကြိမ် ပုံမှန် ငါးစားသုံးသူများသည် ပုံမှန်ထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းနည်းနေသည်ဟု တွေ့ရှိရပါသည်။ ငါးလုံးဝမစားသူများသည် ရံဖန်ရံခါ ငါးစားသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့် ပိုများနေတတ်သည်ဟုလည်းသိရသည်။ တစ်ပတ်လျှင် တစ်ကြိမ်မျှ ငါးတီအပါအဝင် ငါးများကို စားသုံးပေးမည်ဆိုလျှင် ဦးနှောက်နှင့် မှတ်ဉာဏ်စွမ်းရည်ကို ကောင်းမွန်စေနိုင်ပါသည်။ ငါးတီကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်တော်ပါသည်။ ငါးတီသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်သောကြောင့် မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းချင်သူများအတွက် ငါးတီသည် အသင့်တော်ဆုံးအစားအစာဖြစ်သည်။

အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီ ပြည့်ဝနေဖို့လိုပါသည်။ အဆီပြည့်ဝနေမှ အသားအရေမှာ မွဲခြောက်မှု ကင်းစင်မည်ဖြစ်သည်။ ငါးတီတွင်ပါသော omega-3 သည် ကျန်းမာရေးနှင့် ညီညွတ်သော အဆီဖြစ်ခြင်းကြောင့် စားသုံးဖို့သင့်တော်ပါသည်။ ထို့မျှသာမက အသားအရေကို အားဖြည့်ပေးသလို ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေပါသည်။

လေ့လာမှုများအရ ငါးတီအပါအဝင် ငါးအတော်များများတွင်ပါသော omega-3 သည် စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေနိုင်သည်ဟုသိရပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် omega-3 ၃၀၀ မီလီဂရမ်ကို စားသုံးပေးမည်ဆိုလျှင် ကိုယ်ဝန်ဆောင်ကာလအတွင်းခံစားရနိုင်သော စိတ်ကျရောဂါကို သက်သာစေနိုင်သည်ဟု ဆိုပါသည်။

ငါးတီအပါအဝင် ငါးအတော်များများသည် အမျိုးအစား-၁ ဆီးချိုရောဂါကဲ့သို့ နာတာရှည်ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ ကလေးငယ်များတွင်လည်း အမျိုးအစား-၁ ဆီးချိုရောဂါ မဖြစ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ လေးဖက်နာဝေဒနာနှင့် အာရုံကြော ထိခိုက်ပျက်ယွင်းသောဝေဒနာများခံစားရနိုင်ခြေကို လျှော့ကျစေနိုင်ပါသည်။

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ နာတာရှည် လေပြွန်ရောင်ရမ်းနေသော အနေအထားတစ်ရပ် ဖြစ်သည်။ ယခုနောက်ပိုင်းတွင် ပန်းနာရင်ကျပ်ရောဂါ ခံစားရသူ အရေအတွက်မှာ တိုးလာနေပါသည်။ လေ့လာမှုများအရ ငါးပုံမှန်စားသုံးပေးသော ကလေးငယ်များမှာ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေသည် ပုံမှန်ထက် ၂၄ ရာခိုင်နှုန်းပိုနည်းသည်ကို တွေ့ရှိရပါသည်။ ကလေးငယ်များမှာ ငါးတီအပါအဝင် ငါးများ များစားလေလေ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေ နည်းလေလေဖြစ်သည်။

လူကြီးများတွင် ဖြစ်တတ်သည့် (macular degeneration) မြင်လွှာ အလယ်ရောင်ခြည်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိက အကြောင်းရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာ တဖြည်းဖြည်း အားနည်းလာပါသည်။ ငါးတီတွင်ပါသော omega-3 fatty acid သည် မြင်လွှာ အလယ်ရောင်ခြည်ပျက်သုဉ်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ ငါးတီအပါအဝင် ငါးများကို ပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံထိခိုက်ခြင်းကို ၄၂ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သကဲ့သို့ အမြင်အာရုံဆိုင်ရာ ကြွက်သားများ ထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်ပါသည်။ လူကြီးများတွင် အမြင်အာရုံထိခိုက်ခြင်းမဖြစ်စေရန် တစ်ပတ်တစ်ကြိမ်ခန့် ငါးကို စားသုံးပေးသင့်သည်။

ငါးတီအပါအဝင် ငါးစားခြင်းသည် ဦးနှောက်ကို ကျန်းမာစေနိုင်ပြီး ငါးတွင်ပါသော omega-3 fatty acid မှာ လေဖြတ်နိုင်ခြေကို ကျဆင်းစေနိုင်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် ငါးတီသည် အရသာအားဖြင့် ထူးခြားကောင်းမွန်လှပြီး ဆေးဖက်လည်းဝင်သဖြင့် ကျန်းမာရေးအတွက် အကျိုးများပြားစွာ ရရှိနိုင်သောကြောင့် စားပေးသင့်သည့် ငါးတစ်မျိုး ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

❖အာဟာရဓာတ်ကြွယ်ဝသောငါးတီသည် ပရိုတင်း၊ ဗီတာမင်ဘီနှင့် မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်နှင့် ဆီလီနီယမ်တို့ကဲ့သို့ သတ္တုဓာတ်များကြွယ်ဝသည့် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ ငါးတီသည် ကယ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းပါဝင်မှုများသောကြောင့် ဦးနှောက်အတွက် အကျိုးပြုပါသည်။ ငါးတီသည် အညောင်းအညာပြေစေရန် အသုံးပြုသော ရှားပါးဆေးကုန်ကြမ်းတစ်မျိုးလည်း ဖြစ်သကဲ့သို့ အရက်ဖြူနှင့်စိမ်ထား၍လည်း သောက်သုံးနိုင်သည်။ ငါးတီတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်အရေးပါသော omega-3 fatty acid လည်း ပါဝင်ပါသည်။ ❖

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ဧက၊ ကနီမြို့နယ်တွင် ဧက ၆၅၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၅၅၆၇ ဧကနှင့် ပုလဲမြို့နယ်တွင် ၁၅၅၄ ဧက စုစုပေါင်း ၁၉၆၉၈ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးမယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးသွားမယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မေ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာစေရန် မြို့ပြနှင့်ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မကျီးပင်ပုကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါအင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်မတည် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကောဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၈၅ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**












## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

၆၇ x ၆၈ လမ်းကြား ဖျောက်ဆိပ်ကုန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော်ဦးမြင့်နိုင်သည် အောက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့်

**၁။ ရေလှိုင်း**

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးမြင့်နိုင်(09-964688000)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်နေ ရန်ပီချန် (ဘ) ဦးရန်ကျားခွမ်(၁၃/ကခန(နိုင်)၀၃၈၅၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-702657)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၈၉၅၄၆

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်နေ ဒေါ်လုခင် (ဘ) ဦးဟောင်စီဖူ(၁၃/ကခန(နိုင်)၀၄၅၃၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-929923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၈၉၅၄၆

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ ဦးသောင်းကျော်ထွန်း (ဘ) ဦးအုန်းရွှေ(၅/ကဘလ(နိုင်)၁၀၇၁၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၆၀၁၂၆

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ စွန်ရဲ(အ.ထ.က) Grade-1 တွင် ပညာသင်ကြားနေသော မဟန်နီထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမဲဖြစ်ပါကြောင်း။

ဦးမဲ(၉/ကဆန(နိုင်)၁၉၆၇၄၅)

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (ဘ) ဦးသန်းထွန်းအောင်(၉/ခမစ(နိုင်)၀၇၉၀၆၇) (မိခင်) ဒေါ်နှင်းသန္တာဖြိုး(၅/စကန(နိုင်)၂၃၆၆၄၉)တို့၏ သမီး Mother Choice Foundation Center Grade-4 မှ မသွန်းရတနာကိုအား မသွန်းရတနာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းရတနာ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းပင်ဖြစ်…**

❖ **နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် မေ ၂၈**

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။


ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအရေးအတွက်၊

**စာမျက်နှာ ၁၈ ကော်လံ ၁☆**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၈**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။